ရေကြေးမှန်

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 13 August 2023 ၁၁၁၈၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

မြန်မာစီးပွားရေးကော်ပိုရေးရှင်း သတင်းစာစက္ကူစက်ရုံ(သာပေါင်း)စတင်ဖွင့်လှစ်လည်ပတ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

စက္ကူလိုအပ်ချက်ကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲနေရမှုကို များစွာလျော့နည်းသွားစေမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဩဂုတ် ၁၂

မြန်မာစီးပွားရေးကော်ပိုရေးရှင်း သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်ဖွင့်လှစ်လည်ပတ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်ရုံနေရာသို့ ရောက်ရှိကြရာ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ဝန်ထမ်းများ၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရိုက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

နိုင်ငံတော်အရန်ဆန်များ စုဆောင်းထားရှိမှုအခြေအနေ ကွင်းဆင်းစစ်ဆေး
စာမျက်နှာ » ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွ်ဈာသီရိမြို့နယ်ရှိ သုခဝတီ ပြည်သူ့အဌားအိမ်ရာစီမံကိန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ
စာမျက်နှာ » ၁၀

ခေတ်ကိုပြောင်းမည်၊ စိတ်ကိုပြောင်းသည်
ဆောင်းပါး
စာမျက်နှာ » ၁၁

ထိုင်းနိုင်ငံသို့ ပြည်ဝင်ခွင့် ဗီဇာကန့်သတ်ချက် ဖြေလျှော့မည်
စာမျက်နှာ » ၁၃

ကြားမှ်

အထွက်နှုန်းတိုးရေး စနစ်တကျဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် သြဂုတ် ၁၁ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား အစိုးရအဖွဲ့ရုံး ဧည့်ရိပ်သာ၌ တွေ့ဆုံ၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးပြောကြားကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများက ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲနှင့် တိုက်ရိုက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခွင့်ရသည်မျိုးမှာ ယခင်က မရှိခဲ့ပါကြောင်း၊ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် အောက်ခြေအထိဆင်း၍ အကွက်ကျကျဆောင်ရွက်နေသဖြင့် အားကိုးဂုဏ်ယူမိပါကြောင်း ပွင့်ပွင့်လင်းလင်းပြောကြားခဲ့ပြီး ဒေသလိုအပ်ချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်ရေး၊ မြေအရည်အသွေးထိန်းသိမ်းရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြခဲ့သည်။

မြို့မိ၊ မြို့ဖများက ပုလဲ၊ ယူရီးယားနှင့် အခြားသော ကွန်ပေါင်းဓာတ်မြေသြဇာများစွာကို ကာလရှည်ကြာ အသုံးပြုခဲ့သဖြင့် မြေအရည်အသွေးကို ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် မြေအရည်အသွေးမြှင့်တင်ရေးဆောင်ရွက်သွားရန် လိုအပ်ချက်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တစ်ခုဆောင်ရွက်ပေးစေလိုမှု၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် ကောင်းမွန်လျက်ရှိပြီးဖြစ်သော်လည်း အချို့သောလမ်းပိုင်းများ၌ အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိနေမှုတို့ကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်အကြီးအကဲက ပြန်လည်ရှင်းလင်းပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲက “အထွက်နှုန်းကောင်းမွန်ရေးအတွက် ဓာတ်မြေသြဇာ များစွာထည့်သွင်းအသုံးပြုခြင်းသည် မူလမျိုးကောင်းမျိုးသန့်များ၏ အရည်အသွေးကို ထိခိုက်လာစေသည်ကို တွေ့ရှိရကြောင်း၊ သဘာဝမြေသြဇာကို အတတ်နိုင်ဆုံးသုံးစွဲခြင်းဖြင့် မြေအရည်အသွေးနှင့် မျိုးအရည်အသွေးကို ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လယ်ယာစိုက်ပျိုးမှုများသည် အကွက်ငယ်များဖြင့် စိုက်ပျိုးကြသဖြင့် အနည်းဆုံးဧကကွက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သကဲ့သို့ အထွက်နှုန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေများကို စနစ်တကျ ပြုပြင်၍ ကောက်ကွက်များပြည့်မီအောင် စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများ ကောင်းလာမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

အထွက်နှုန်းတိုးရေးအတွက် သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာ၊သဘာဝမြေသြဇာများကို ပြည့်ဝစွာ ထည့်သွင်းရမည်ဖြစ်သကဲ့သို့ မြေအရည်အသွေး ကောင်းမွန်ရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့် သဘာဝမြေသြဇာကိုရရှိစေနိုင်ပြီး မြေဆီမြေနှစ်များလည်း ကောင်းမွန်လာမည်ဖြစ်သည်။ ဒေသတွင်း၌ ရှိပြီးဖြစ်သည့် မျိုးရင်းများ မပျောက်ကွယ်စေရေးနှင့် အရည်အသွေးကျဆင်းမှုမရှိစေရေး သုတေသနပြုလုပ်ငန်းများ အမြဲမပြတ်ဆောင်ရွက်သွားရန်လိုသည်။ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးကောင်းမွန်ရမည်၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျ ပြုပြင်ရမည်၊ စိုက်ပျိုးရေ၊ အောင်ရေ လုံလောက်စွာရရှိနိုင်ရမည်၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်ရမည်ဟူသည့် အချက်လေးချက်နှင့်ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ကိုင်ကြသူများအနေဖြင့် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ကြသဖြင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများမှ ကုန်ကြမ်းများဖြင့်လည်း တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ စပါးတစ်တင်းရိတ်လိုက်သည့်အခါ ကောက်ရိုး ၂၃ ပိဿာတွင်ပါသည့် အာဟာရပမာဏနှင့်ညီမျှသော မြေသြဇာဓာတ်များ မြေအတွင်း၌ ကုန်ဆုံးတတ်သည်ဟု သိရသည်။ ထို့ကြောင့် စပါးတစ်တင်းရိတ်ပြီးတိုင်း သဘာဝမြေသြဇာဖြစ်သည့် ကောက်ရိုး ၂၃ ပိဿာကို ပြန်သုံးလျှင် မြေအတွင်း မူလရှိရင်းစွဲ အာဟာရဓာတ်များ ရှိနေမည်ဖြစ်သည်။ စပါးရိတ်သိမ်းပြီးသောတင်းအလိုက် အချိုးအစားညီ သဘာဝမြေသြဇာ ထည့်သွင်းရန်လိုအပ်သည်ကို စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်။

သဘာဝမြေသြဇာသည် သီးနှံပင်များအတွက် အကျိုးရှိသည်ဆိုသော်လည်း ရေဝပ်သောမြေ၊ မြေအောက်ရေမျက်နှာပြင်မြင့်သည့်မြေ၊ အထက်အစိုဓာတ်နှင့် အောက်အစိုဓာတ် ဆက်စပ်သည့်မြေ၊ ကျွံဝင်သည့်မြေ၊ မြေဆီလွှာအောက်တွင် မပုပ်မဆွေးသည့်ရိုးပြတ်၊ အပင်အကြွင်းအကျန်ရှိသည့်မြေ၊ စပါးနီတိုဖြစ်သည့်မြေ၊ ဒုံးပေါက်မြေ၊ စမ်းပေါက်မြေ၊ စမ်းစွဲမြေစသည့် သတိထားစရာများလည်းရှိသည်။ သို့ဖြစ်ရာ စိုက်ပျိုးနည်းစနစ် အချက်လေးချက်ဖြင့် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာတို့ကို စနစ်တကျအသုံးပြုပြီး မြေများကို စနစ်တကျပြုပြင်၍ ကောက်ကွက်များပြည့်မီအောင် စိုက်ပျိုးမည်ဆိုလျှင် အထွက်နှုန်းများ ကောင်းလာမည်ဖြစ်ပါကြောင်း။ ။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Certificate in Digital Marketing and Innovation–CDMI(Batch–I) ဖွင့်လှစ်မည်

သန်လျင် သြဂုတ် ၁၂

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)တွင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် စျေးကွက်ဖော်ဆောင်ရေး လုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်၊ ပြိုင်ဘက်လုပ်ငန်းများထက်သာလွန်သောစျေးကွက်ဖော်ဆောင်ရေးဆိုင်ရာ သဘောတရားများ၊ နည်းလမ်းများနှင့် ဆန်းသစ်တီထွင်မှုများကိုသိရှိစေရန်၊ လက်တွေ့စျေးကွက်ဖော်ဆောင်ရာ၌ ကြုံတွေ့ရမည့်ပြဿနာများကို ဖြေရှင်းရာတွင် နည်းစနစ်ကျစွာ တွေးခေါ်တီထွင် ဆန်းသစ်နိုင်စေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် နိုင်ငံတကာအဆင့် စျေးကွက်ဖော်ဆောင်ရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်သည့် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ Certificate in Digital Marketing and Innovation–CDMI(Batch–I) Free Online Certificate Course ကို ၂၀၂၃ ခုနှစ် သြဂုတ်လ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အပတ်စဉ် စနေနေ့နှင့် တနင်္ဂနေနေ့များ၌ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် https://forms.gle/FX5QmvXRrJvYcF8U9 Link မှတစ်ဆင့် Google Form တွင်ဖြည့်စွက်ပြီး ၁၆–၈–၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

မက်မန်းမြို့နယ် ပညာဒီပဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

ကျိုင်းတုံ သြဂုတ် ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့ ပညာဒီပဘုန်းတော်ကြီးကျောင်း၌ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် မက်မန်းမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းနှင့် ဝန်ထမ်းများက မက်မန်းမြို့ အမှတ်(၁) ရပ်ကွက် ပညာဒီပဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်နှင့် စာသင်ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ဧင်မြင့်(ပြန်/ဆက်)

ဟင်္သာတမြို့နယ်၌ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး ကော်ဖီပျိုးပင်များပေးအပ်

ဟင်္သာတ သြဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်း၌ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် ကော်ဖီပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ဟင်္သာတမြို့နယ် တလုတ်ထော်မြို့ရှိ စိုက်ပျိုးနည်းပညာ ပြန့်ပွားရေးစင်တာတွင် ပြုလုပ်သည်။

ပေးအပ်ပွဲတွင် ဟင်္သာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းလွင်ဦးက ကော်ဖီတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တလုတ်ထော်မြို့ အုပ်ချုပ်ရေးမှူး ဦးအေးထွန်းစိုးက ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ ထို့နောက် တလုတ်ထော်မြို့ စိုက်ပျိုးနည်းပညာ ပြန့်ပွားရေးစင်တာမှ တာဝန်ခံဦးဝေယံထွန်းက ကော်ဖီသီးနှံ အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကော်ဖီပျိုးပင်များကို စိုက်ပျိုးမည့်သူများထံ ပေးအပ်သည်။

ဟင်္သာတမြို့နယ်၌ ၂၀၂၃ -၂၀၂၄ ရာသီအတွက် ကော်ဖီစိုက်ဧက ခြောက်ဧကစာအတွက် ပျိုးပင် ၂၆၁၀ ပျိုးထောင်ထားရှိပြီး တလုတ်ထော်မြို့ရှိ ကျေးရွာအုပ်စုများမှ စိတ်ဝင်စားသူတောင်သူများကို နှစ်ဧကစာပျိုးပင်များ ဖြန့်ဝေပေးသည်။ ဆက်လက်၍ ဟင်္သာတမြို့နယ်အတွင်းရှိတောင်သူများထံသို့လည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကြားမှ်

စာတည်းမှူးချုပ်	ဦးစိုးစိုးနိုင်	**အကြီးတန်း**	ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	ဦးဝင်းနိုင်	**သတင်းထောက်များ**	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အင်ယေတန်း**	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
		သတင်းထောက်များ	ဦးသန်းတင်အောင်
		သုတေသန	ဒေါ်ဧင်မာဝင့်
ဘာသာပြန်	ဦးနိုင်လင်းကြည်၊	**စာပြင်**	ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	ဦးကျော်စွာလင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖင၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၅ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ဝန်ထမ်းများ၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအား လမ်းညွှန်အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

သာပေါင်း စက္ကူစက်ရုံအတွက် ကုန်ကြမ်းရရှိနိုင်မှု၊ လေ့လာဆန်းစစ်ချက်များအရ ဝါးအမျိုးမျိုးမှ ပျော့ဖတ်ရရှိနိုင်မှုနှင့် စက္ကူပျော့ဖတ် ထုတ်လုပ်နိုင်ရေး စိုက်ပျိုးသင့်သည့် ဝါးများနှင့် သစ်မျိုးများအား ဆန်းစစ်ဆောင်ရွက်ခဲ့မှု၊ ပုဂ္ဂလိက သစ်မာစိုက်ခင်းများမှ စက္ကူပျော့ဖတ်ကုန်ကြမ်းရရှိနိုင်မှု၊ စက်ရုံအတွက် ပျော့ဖတ်ကုန်ကြမ်း ရရှိနိုင်ရေး ဝါးနှင့် သစ်မာစိုက်ခင်း တည်ထောင်ရန် မြေနေရာ ခွင့်ပြုပေးထားမှု အခြေအနေများကိုလည်းကောင်း။

ရှင်းလင်းတင်ပြ

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့်ဓာတ်ငွေ့များ ပို့လွှတ်နိုင်ရေး ကန်ကြီးထောင့်-သာပေါင်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ စစ်ဆေးပြုပြင်ခြင်း ဆောင်ရွက်ခဲ့မှုနှင့် ပိုက်လိုင်းအစားထိုး လဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ သဘာဝဓာတ်ငွေ့ ထိန်းချုပ်ဖြန့်ဖြူးရေးစနစ်များကို အဆင့်မြှင့်တင်ခဲ့မှု၊ စက်ရုံအတွက် ဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဓာတ်ငွေ့ပိုက်လိုင်းဘားကိုလှည့်၍ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ကို ဖွင့်လှစ်ပေးစဉ်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အဆင့်မြှင့်စက္ကူစက်ရုံ(သာပေါင်)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်)ဆိုင်ရာ အချက်အလက်များ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသို့ စက်ရုံလုပ်ငန်းများအား လွှဲပြောင်းပေးအပ်နိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့မှုနှင့် လွှဲပြောင်းပေးအပ်ခဲ့မှု၊ စက်ရုံ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်လျက်ရှိသည့် အခြေအနေများနှင့် စက်ရုံပြန်လည်လည်ပတ်နိုင်ခြင်းအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောက အဆင့်မြှင့်စက္ကူစက်ရုံ(သာပေါင်)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်)တို့ကို စက်မှုဝန်ကြီးဌာနမှ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသို့ လွှဲပြောင်းရယူဆောင်ရွက်ခဲ့မှု၊ စက်ရုံအတွက် လိုအပ်သည့်ဝါးနှင့် သစ်မာစိုက်ခင်းများ လိုအပ်လျက်ရှိမှုနှင့် စိုက်ပျိုးထားရှိမှု၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်) ပြန်လည် လည်ပတ်နိုင်ရေး စက်ပစ္စည်းများ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် စက်ကိရိယာများ တပ်ဆင်ထားရှိမှု၊ မူလစက်တပ်ဆင်သည့် ကုမ္ပဏီမှ ပညာရှင်များဖြင့် စက်ကိရိယာများအားလုံး နေရာတကျဖြစ်စေရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

လမ်းညွှန်အမှာစကားပြောကြား

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်အမှာစကားပြောကြားရာတွင် ယနေ့သည် နိုင်ငံ၏ စက္ကူလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် သတင်းစာစက္ကူစက်ရုံ(သာပေါင်)ကိုပြန်လည်လည်ပတ်နိုင်ခဲ့သည့် နေ့ဖြစ်၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ ဖြစ်ပါကြောင်း၊ အဆင့်မြှင့်စက္ကူစက်ရုံ (သာပေါင်)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်)တို့အနေဖြင့် ယခင်ကလုပ်ငန်းလည်ပတ်ခဲ့ပြီးဖြစ်သည့် စက်ရုံများဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းလည်ပတ်မှုများ ရပ်တန့်ခဲ့ရကြောင်း၊ နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာစသည့်စက္ကူလိုအပ်ချက်များစွာကို နှစ်စဉ် ပြည်ပမှတင်သွင်းအသုံးပြုနေရသည့်အတွက် နိုင်ငံခြားငွေများစွာ သုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ ယခင်က စစ်တောင်းစက္ကူစက်ရုံ၊ ရေနီစက္ကူစက်ရုံနှင့် သာပေါင်းစက္ကူစက်ရုံ တို့ကို ဆောင်ရွက်ခဲ့ပြီး စစ်တောင်းစက္ကူစက်ရုံမှာ သက်တမ်းကြာမြင့်ပြီဖြစ်သဖြင့် ဖျက်သိမ်းပြီးဖြစ်ကြောင်း၊ ယခုစက်ရုံစုသည် စွမ်းအားပြည့်လည်ပတ်နိုင်ပါက သတင်းစာစက္ကူ အပြင် အခြားစက္ကူအမျိုးအစားများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ခေတ်ကာလ၏ အခြေအနေအရ အွန်လိုင်းမီဒီယာအသုံးပြုမှု ပိုမိုများပြားလာပြီး Printed မီဒီယာပိုင်း အားနည်းချက်ရှိလာသည်ကို တွေ့ရှိရကြောင်း၊ သတင်းစာစက္ကူ လိုအပ်ချက်များမှာ ယခင်ကထက် လျော့နည်းလာသည်ကို တွေ့ရှိရသော်လည်းနေ့စဉ်ထုတ်သတင်းစာများသည် သမိုင်းကိုဖော်ပြနေခြင်းဖြစ်သဖြင့် နိုင်ငံတိုင်းတွင် သတင်းစာများကို နေ့စဉ်ရိုက်နှိပ်ထုတ်ဝေနေရဆဲဖြစ်ပြီး သတင်းစာစက္ကူ လိုအပ်ချက်သည်လည်း အမြဲမပြတ် ရှိနေမည်ဖြစ်ကြောင်း။

သတင်းစာ စက္ကူစက်ရုံ(သာပေါင်)အနေဖြင့် သစ်၊ ဝါးကုန်ကြမ်းများစွာ လိုအပ်မည်ဖြစ်သဖြင့် စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ရန် လိုကြောင်း၊ ကုန်ကြမ်းများ ရယူရာတွင် စက်ရုံအနီးဝန်းကျင်မှ ရရှိရန်လိုပြီး အဝေးမှ သယ်ယူရမည်ဆိုပါက သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်များ များပြားမည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်သည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်သည့် သစ်တောစိုက်ခင်း၊ ဝါးစိုက်ခင်းများ ရရှိရန်လိုကြောင်း၊ သွင်းအားစုများအနက် အဓိကလိုအပ်ချက်ဖြစ်သည့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ရရှိရေးအတွက်လည်း စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း။

စက်ရုံရပ်နားထားသည့် အချိန်အတွင်း လာရောက်ကြည့်ရှုစစ်ဆေးစဉ် ယခင်ကထုတ်လုပ်ခဲ့သည့် သတင်းစာစက္ကူများကို ကြည့်ရှုစစ်ဆေးခဲ့ရာ အရည်အသွေးများစွာ ကောင်းမွန်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ သတင်းစာ ထုတ်လုပ်ခြင်း၌ သာမက ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်မှုများ အတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စက္ကူလိုအပ်ချက်ကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည် ဆိုပါက နိုင်ငံခြားငွေ သုံးစွဲနေရမှုကို များစွာ လျော့နည်းသွားစေမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၄ သို့ »»**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတင်းစာစက္ကူစက်ရုံ(သာပေါင်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Chip Preparation Plant အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) စတင်ဖွင့်လှစ်လည်ပတ်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»» စာမျက်နှာ ၃ မှ

အလားတူ အခြားသွင်းကုန်ပစ္စည်းများဖြစ်သည့် ရော်ဘာထုတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေး

ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးအတွက် အကြောင်း အမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုစက်ရုံမှ စက္ကူထုတ်လုပ်မှုများ ဆက်လက်တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းအဖြစ် သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ဖွင့်ပွဲကို သာပေါင်း သဘာဝဓာတ်ငွေ့ထိန်းသိမ်းဖြန့်ဖြူးရေးစခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဓာတ်ငွေ့ပိုက်လိုင်းဘားကိုလှည့်၍ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သဘာဝဓာတ်ငွေ့ထိန်းသိမ်း ဖြန့်ဖြူးရေးစခန်းအတွင်း လှည့်လည်၍ Filtration System၊ Pressure Regulation System၊ Metering System တို့ဖြင့် ထိန်းသိမ်းဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်လည်ပတ်ခြင်းအခမ်းအနားကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများနှင့် အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Chip Preparation Plant ၌ နေရာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Chip Preparation Plant အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သတင်းစာစက္ကူစက်ရုံ (သာပေါင်း)ကို စတင်လည်ပတ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်၍ Chip Preparation Plant၊ Paper Making Plant ၊ Finishing Section တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၅ သို့ »»

လှည့်လည်ကြည့်ရှု

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်လည်ပတ်ခြင်း အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

လှည့်လည်ကြည့်ရှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

»» စာမျက်နှာ ၄ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) မှ ပထမဦးဆုံး ထွက်ရှိလာသည့် သတင်းစာစက္ကူပေါ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) ပြန်လည်လည်ပတ်နိုင်ရေးတွင် ပါဝင်ခဲ့ကြသည့် ပြည်ပနည်းပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်း လက်ဆောင် ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စက်ရုံပြန်လည် လည်ပတ်နိုင်ရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

များစွာအကျိုးဖြစ်ထွန်းစေမည်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး နေ့လယ်စာမသုံးဆောင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ယခုစက်ရုံသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံတစ်ခုဖြစ်ပါကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရပြီး ယခုအချိန်တိုအတွင်း လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ခြင်းသည် မူလဝန်ထမ်းများ၏ ထိန်းသိမ်းထားရှိမှု အရည်အချင်းကောင်းများကြောင့်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်း လည်ပတ်မှုဖြစ်ပြီး များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သဖြင့် ယခုကဲ့သို့ ပြန်လည်ပြုပြင်မှု အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းထားရှိမှုများကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။

“ စာအုပ်စာပေ လူ့မိတ်ဆွေ” ဆိုသည့် ဆိုရိုးစကားနှင့်အညီ စာပေသည် လူ့ဘဝ တိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ စာပေများကို ဖတ်ရှုနိုင်ရေးအတွက် စာများပုံနှိပ်ထုတ်ဝေရန် စက္ကူများသည် မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စက္ကူထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများစွာရှိပြီး ဖြစ်သည့်အတွက် စက္ကူထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရေး ယခုစက်ရုံကို ပြန်လည်လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

❍ “ စက်မှုစွမ်းအား ခေတ်ကျော်လွှား” ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှုသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ထုတ်လုပ်၍ ပြည်တွင်းအတွက် လိုအပ်သည့်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့နည်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတွင် ရှိပြီးဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် အခြားစက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

စွမ်းအား ခေတ်ကျော်လွှား” ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှုသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ထုတ်လုပ်၍ ပြည်တွင်းအတွက် လိုအပ်သည့်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့နည်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတွင် ရှိပြီးဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် အခြားစက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုသတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို ပြန်လည်လည်ပတ်နိုင်ခြင်းသည် နိုင်ငံ၏ စက်မှုကဏ္ဍကို အသစ်တစ်ဖန် ဆန်းသစ်နိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်၍ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

စက်မှုကဏ္ဍသည် အလွန်အရေးပါ

အလားတူ နိုင်ငံတစ်ခုတိုးတက်ရေးအတွက် စက်မှုကဏ္ဍသည် အလွန်အရေးပါကြောင်း၊ **“ စက်မှု**

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်

အဆိုပါ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားခဲ့ရပြီး ယခုအခါ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်၍ စက္ကူများ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် လိုအပ်သည့် စက္ကူ လိုအပ်ချက်များကို များစွာ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများစွာကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ သြဂုတ် ၈ ရက်မှ ယနေ့အထိ ဘုရားဖူးပြည်သူ စုစုပေါင်း ၉၉၅၆၁ ဦး လာရောက်ဖူးမြော်ခဲ့

နေပြည်တော် သြဂုတ် ၁၂

ယနေ့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ အများပြည်သူဖူးမြော်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သော (၅)ရက်မြောက်နေ့၊ သြဂုတ် ၁၂ ရက်၊ စနေနေ့ ရုံးများ၊ ကျောင်းများ ပိတ်သည့်အားလပ်ရက်ဖြစ်သည့် အားလျော်စွာ ဘုရားဖူးပရိသတ်များလည်း ယခင်နေ့များကထက် အဆများစွာ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ နံနက် ၉ နာရီအချိန်တွင် ရာသီဥတုက နေမပူသလို မိုးလည်းမရွာခဲ့ခြင်းက ဘုရားဖူးလာဧည့်ပရိသတ်တို့ မပင်ပန်းအောင်ပံ့ပိုးပေးလျက်ရှိသည်ကို တွေ့ရသည်။

ဘုရားဖူးပရိသတ်များ များပြား

ရုပ်ပွားတော်မြတ်ကြီးရှိရာ ဗုဒ္ဓပရိဝုဏ်သို့ ဦးတည်လာရာလမ်းတွင် မော်တော်ယာဉ်ကြီး၊ ငယ်များ၊ မော်တော်ဆိုင်ကယ်များ ပျားပန်းခပ်မျှ စုံဆန်သွားလာနေကြသကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးကို အဝေးမှလှမ်း၍ဖူးမြင်နိုင်သော နေရာမှစ၍ ယာဉ်ကြောများ တုံ့ဆိုင်းရပ်တန့်သွားလောက်အောင် ယနေ့ဘုရားဖူးပရိသတ်များ များပြားခဲ့သည်ကို တွေ့ခဲ့ရသည်။

အဝင်မုခ်ဦးကို ကျော်ဖြတ်ပြီးနောက် ရင်ပြင်တော်နှင့် ကျောက်စာရုံစေတီများဆီသို့ သွားရာလမ်းတစ်လျှောက် ဝဲ၊ ယာတွင် ဘုရားဖူးပရိသတ်များကို စည်ကားများပြားစွာတွေ့ရပြီး လမ်းမလျှောက်နိုင်သော၊ မလျှောက်လိုသော ဘုရားဖူးများကို ကြို၊ ပို့ ယာဉ်များက အဆက်မပြတ်စုန်ဆန်သယ်ပို့ပေးလျက်ရှိသည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သုဓမ္မာဇရပ်တန်းများတွင်လည်း နားနေသူအပြည့်ရှိနေပြီး သုဓမ္မာဇရပ်များတွင် ထုလုပ်ခြယ်မှုန်းထားသော မြန်မာ့ရိုးရာ ကနုတ်နှင့် ပန်းဆွဲ၊ ပန်းထောင်၊ ပန်းပုရုပ်လုံးရုပ်ကြွများ၊ ကျေးကွေး၊ ကျေးရုပ်၊ ပန်းအဆော်၊ စိုင်ပေါင် အစရှိသည့် မြန်မာ့ရိုးရာပန်းပုပညာဖြင့် တန်ဆာဆင်ထားသော ပြာသာဒ်မုခ်ဦးတို့၏ လှပမှုနှင့် အဆောက်အအုံကို ထောက်ပင့်ထားသည့် မြန်မာ့ရတနာကျွန်းတိုင်လုံးကြီးများကို စိတ်ဝင်တစားကြည့်ရှုလေ့လာမှတ်တမ်းတင်သူများ၊ အမှတ်တရဓာတ်ပုံရိုက်သူများလည်း ပြည့်နှက်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာမှု၊ မြန်မာ့ဒီဇိုင်းပန်းချီတွင် ကနုတ်ပန်းတို့၏ အခြေခံပုံစံဖြစ်သော ပုဂံခေတ်မှသည် ယနေ့ထက်တိုင် မရိုးနိုင်ဘဲ ခွဲညားပြေပြစ်သော ရင်ပြင်တော်သို့တက်ရာ သရက်ကင်းလှေကားမုခ်ဦးတွင်လည်း သံဃာတော်များ၊ လေ့လာသူများထံမှ မြန်မာရိုးရာ ပန်း(၁၀)မျိုး၏ ဂုဏ်ကိုပြသနေသော ပန်းတော့နှင့် ပန်းတမော့လက်ရာများကို ချီးမွမ်းအံ့ဩသာခုခေါ်သံများ၊ ကျေနပ်ပီတိနှင့် ပြည့်လျှံသောမျက်နှာများနှင့်သာ၊ လှေကားမကြီးပေါ်မှာ လည်းကောင်း၊ စက်လှေကား အတက်အဆင်းတွင် လည်းကောင်း ရေစီးကြောင်း ပမာ ပရိသတ်များစွာကို တွေ့ရသည်။

ရုပ်ပွားတော်မြတ်ကြီးသို့ ဖူးမြော်အာရုံခံနတ်လမ်းတန်ဆောင်းထဲတွင်မြန်မာ့ရိုးရာပန်းတမော့ ပညာရပ်ဖြစ်သော စကျင်ကျောက်ထွင်းရုပ်ကြွများဖြင့် **စာမျက်နှာ ၇ သို့ ✪**

◎ စာမျက်နှာ ၆ မှ

ပဌာန်းဒေသနာတော်သရုပ်ပြပုံများ၊ ယဉ်ကျေးမှုတက္ကသိုလ်၊ ယဉ်ကျေးမှုအထက်တန်းကျောင်းများမှ ရေးဆွဲပူဇော်သော ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်သရုပ်ဖော်ပန်းချီများကို စိတ်ဝင်စားကြသူများ၊ သားသမီးမြေးငယ်တို့ကို ရှင်းပြနေသော ဘိုးဘွားများ၊ ဆိတ်ငြိမ်စွာလေ့လာခံစား အတွေးပွားနေသူများကို နေရာမလပ်တွေ့ရသည်။

ကြည်နူးသာဓုခေါ်ဆိုရသည့် မြင်ကွင်း

အာရုံခံနတ်လမ်းတန်ဆောင်းအဆုံးတွင် ရင်ပြင်တော်ပေါ်မှ ပြန်အဆင်း ကျေနပ်သော၊ ငြိမ်းချမ်းသော ပီတိဇောနှင့် အလှူခံဌာနသို့ သွားရအောင်ဟူသော နှိုးဆော်တိုင်ပင်သံများနှင့် အဖွဲ့လိုက်၊ မိသားစုလိုက်၊ တစ်ဦးချင်း အလှူရှင်တို့မှာလည်း အလှူခံဌာနတွင် ခန်းလုံးပြည့်မျှ ကြည်နူးသာဓုခေါ်ဆိုရသည့် မြင်ကွင်းမျိုးဖြစ်သည်။

ကျောက်စာရုံစေတီများတွင်လည်း လေ့လာသူ၊ အပန်းဖြေသူ၊ အလှဓာတ်ပုံ၊ မှတ်တမ်းဓာတ်ပုံရိုက်သူများနှင့် မလစ်လပ်ပါ။ "ဒီစာတွေတတ်ရင်ကောင်းမယ်၊ မြန်မာလိုဆိုရင်ကောင်းမယ်" ဟု ပြောသူ၊ "ဒါကကမ္ဘာ့အဆင့်၊ သာသနာတော်လုံးဆိုင်ရာအဆင့်မှာ ဒီလိုပဲရေးထိုးရမှာပေါ့" ဟု မေးသူနှင့် ဖြေသူတို့ပါသော အဖွဲ့ကလေးကိုလည်း တွေ့ရသည်။ "မဟာဘွဲ့ယူဖို့ စာတမ်းတင်တဲ့အခါ ဒီစာတွေကို လေ့လာကိုးကားရတာဖြစ်တဲ့အတွက် ဘုရားဖူးရတဲ့ကုသိုလ်အပြင် ပညာရေးအတွက် အထောက်အပံ့ဖြစ်စေတဲ့ အမြတ်တွေလည်းရတယ်"ဟု ဆိုသူကိုလည်း တွေ့ခဲ့ရသည်။

ယနေ့သည် စနေနေ့ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည်ထက် ပန်းသတင်းလေညင်းဆောင်သက့ဲသို့ ရောက်ခဲ့ပြီး သူတို့၏ မဆုံးနိုင်သော ကျေနပ်ပီတိဖြစ်ဖွယ် သတင်းစကားများ၊ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်လို၊ ဖူးမြင်လိုသောဆန္ဒများ ပေါင်းစည်းလျက် ယခင်နေ့များထက် အဆပေါင်းများစွာ ဘုရားဖူးဧည့်သည်ပရိသတ်စည်ကားခဲ့သည်။ ယနေ့တွင် ဘုရားဖူးပြည်သူ ၄၂၃၅၅ ဦးအထိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ခဲ့ကြပြီး ပြည်သူများအား စတင်ဖူးမြော်ခွင့်ပြုခဲ့သည့် သြဂုတ် ၈ ရက်တွင် ၁၁၆၄၈ ဦး၊ သြဂုတ် ၉ ရက်တွင် ၁၅၉၃၄ ဦး၊ သြဂုတ် ၁၀ ရက်တွင် ၁၄၇၅၈ ဦးနှင့် သြဂုတ် ၁၁ ရက်တွင် ၁၄၉၁၆ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ပြည်သူများအား ဖူးမြော်ခွင့်ပြုခဲ့သည့် သြဂုတ် ၈ ရက်မှ ယနေ့(သြဂုတ် ၁၂ ရက် ည ၈ နာရီအချိန်)ထိ ဘုရားဖူးပြည်သူ စုစုပေါင်း ၉၉၅၆၁ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။ များစွာသော ယာဉ်များနှင့်အတူ များစွာသောပရိသတ်အင်အားက နေ့စဉ်သောင်းနှင့်ချီ၍ လှုပ်ရှားနိုးသော စတုဒိသာဒံပေါက်ပင်လျှင် စောစီးစွာပြတ်တောက်သွားခဲ့သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ အများပြည်သူဖူးမြော်နိုင်ရန် ဖွင့်လှစ်ခဲ့သော ၅ ရက်မြောက်နေ့ မြင်ကွင်းကို တင်ပြလိုက်ရပါကြောင်း။

အလင်းသစ်၊ နေမျိုး
သန်းတင်အောင်

ဒီဘုရားကြီး စတည်ကတည်းက ဖူးချင်တာ၊ ဘုရားကြီးအနေကဇာတင်တဲ့နေ့ကဆို ရင်ထဲမှာအောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ ဆိုပြီး ပီတိတွေဝေပြီး မျက်ရည်တောင်ကျခဲ့ပါတယ်

ဒေါ်စိုးစိုးဝင်း (အလုံမြို့နယ်)

တွေ့ဆုံမေးမြန်း - အလင်းသစ်၊ သန်းတင်အောင်
ဓာတ်ပုံ - နေမျိုး

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိ်ဏာသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသော ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သြဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမ့်ဖူးမြော်ခွင့်ပြုခဲ့ရာ ပဋ္ဌမနေ့ဖြစ်သော သြဂုတ် ၁၂ ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သဒ္ဓါ၊ သီလ၊ ဟိရီ၊ သြတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာ သူတော်ကောင်းတရားခုနစ်ပါး လက်ကိုင်ထားကြ ကုန်သော ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းတို့အား သိရှိလေ့လာဖတ်ရှုနိုင်စေရန်အလို့ငှာ ဘုရားဖူး ရောက်ရှိလာသော မြန်မာနိုင်ငံတစ်ဝန်းမှ မိဘပြည်သူများနှင့်တွေ့ဆုံပြီး ယင်းတို့၏ ရင်တွင်းခံစားရသော စကားသံများ၊ သာဓုအနုမောဒနာ ခေါ်ဆိုသံများ၊ အနာဂတ်ဗုဒ္ဓသာသနာအတွက် မြော်တွေး၍ တက်ကြွသော စကားသံများကို နိဗ္ဗာန်အကျိုးမြော်ကာနှိုးဆော်၍ ပြန်လည်ရေးသား မျှဝေလိုက်ရပါသည်။

ဦးပညာစက္က

ဒေါ်စိုးစိုးဝင်း

ဦးမြင့်စိန်

ဦးစိန်မြင့်

ဦးသိန်းဝင်း

ဒေါ်အုန်းသစ်

ဦးပညာစက္က (တပ်ကုန်းမြို့နယ်)

ဒီဘုရားကြီးကို လာရောက်ဖူးမြော်ရတာ အလွန်အင်မတန်ကြည်နူးပီတိဖြစ်ရပါတယ်။ ဘုရားကြီးကလည်း သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းပါတယ်။ ကျောက်စာရုံစေတီတွေမှာရှိတဲ့ ကျောက်စာတွေကို ကမ္ဘာနဲ့ယှဉ်ပြီး ရေးထွင်းပူဇော်ထားတာတွေ့ရှိရတော့ ဂုဏ်ယူစရာကောင်းပါတယ်။ ကျောက်စာတွေကို ပါဠိနဲ့ ရိုမန်ဘာသာအပြင် မြန်မာပြန်လေးနဲ့ပါ ထားပေးနိုင်ရင်တော့ လာရောက်ဖူးမြော်သူတွေ လွယ်လွယ်ကူကူနားလည်ပြီး လိုက်နာကျင့်သုံးလို့ ပိုအဆင်ပြေမယ်ထင်ပါတယ်။ သာသနာ့တာဝန်ထမ်းဆောင်နေတဲ့ ရှင်ရဟန်းတွေ အားလုံးတောင် နားမလည်နိုင်တာဖြစ်လို့ မြန်မာစကား၊ မြန်မာစာပေ လေးနဲ့ဆိုရင် ပိုကောင်းမယ်ဆိုတဲ့ အတွေးအသိလေးတော့ ခံစားမိပါတယ်။

ဒေါ်စိုးစိုးဝင်း (အလုံမြို့နယ်)

ဒီမာရဝိဇယဘုရားကို ဖူးချင်လို့ ရန်ကုန်ကနေ ရထားနဲ့လာခဲ့တာပါ။ စရောက်ရောက်ချင်း ဘုရားကြီးရဲ့ မဟာအောင်မြေမှာ ပရိတ်၊ ပဌာန်းတွေရွတ်မေတ္တာပို့ပါတယ်။ ပြီးတော့ ကျောက်စာရုံစေတီတွေ လှည့်လည်ဖူးမြော်တယ်။ ဒီဘုရားကြီး စတည်ကတည်းက ဖူးချင်တာ၊ ဘုရားကြီးအနေကဇာတင်တဲ့နေ့ကဆို ရင်ထဲမှာအောင်ပြီ၊ အောင်ပြီ၊ အောင်ပြီဆိုပြီး ပီတိတွေဝေပြီး မျက်ရည်တောင်ကျခဲ့ပါတယ်။ ဒီဘုရားကြီးကို ဖူးချင်လွန်းလို့လာဖူးတာ၊ ကျန်းမာရေးက မကောင်းဘူး။ ဒီဘုရားကြီးပေါ်ထွန်းလာတာကို ဝမ်းသာပီတိလည်းဖြစ်ရပါတယ်။ ဒီကျောက်စာတွေထားရှိပေးတဲ့အတွက် နောင်လာနောက်သားတွေအတွက် ဝမ်းသာစရာပါ။ သမိုင်းဝင်လာပြီဆိုရင် ကျမ်းတွေပြုစုမယ်ဆိုရင်လည်း တစ်နေ့မှာ အသုံးဝင်လာနိုင်ပါတယ်။ ဒီကျောက်စာတွေကို ကျွမ်းကျင်ပညာရှင်တွေက ရေးထွင်းထားတာဖြစ်လို့ ပုံနှိပ်စာအဖြစ်နဲ့တောင် သုံးလို့ရမယ်လို့ မျှော်လင့်မိပါတယ်။

ဦးမြင့်စိန်(နဝကမ္မအလှူရှင်) (မိတ္ထီလာမြို့)

ဒီဘုရားကြီးစတည်ပြီဆိုကတည်းက ရုပ်မြင်သံကြားကလွှင့်တဲ့အစီအစဉ်ကို ကြည့်ပြီး လှူချင်နေတာပါ။ ဒီနေ့တော့ လှူချင်နေတဲ့ ဆန္ဒအထမြောက်သွားခဲ့ပါပြီ။ ပထမဆုံး လှူဒါန်းခြင်းလည်း ဖြစ်ပါတယ်။ ငွေပမာဏကတော့ ၃၅ သိန်းပါ။ ဘုရားကြီးမှာ လိုအပ်တဲ့နေရာမှာ အသုံးပြုနိုင်အောင်လို့ နဝကမ္မအနေနဲ့ အခုလိုလှူလိုက်ရလို့လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ နောက်လည်း ဆက်ပြီးလှူနိုင်အောင် ကြိုးစားဦးမှာပါ။ တခြားသူတွေလည်း မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို လှူဒါန်းနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။ သတ္တဝါအားလုံးလည်း ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ဦးစိန်မြင့် (ဖြူးမြို့နယ်)

ဘုရားကြီးကို ရုပ်မြင်သံကြားမှာ ဖူးမြော်ရတာ အားမရလို့ ကိုယ်တိုင်လာရောက်ဖူးမြော်တာပါ။ အခုဖူးတာတော့ အတော်စုံသွားပြီ။ လက်တွေ့လာရောက်ဖူးမြော်လိုက်တော့ သက်ရှိထင်ရှား မြတ်စွာဘုရားကို ဖူးမြော်ရသလို ခံစားရပါတယ်။ ပြီးတော့ ဝမ်းသာပီတိလည်းဖြစ်မိပါတယ်။ ကျောက်စာရုံစေတီတွေမှာ ဆိုရင် ပိဋ္ဌကတ်သုံးပုံကို လက်တွေ့လေ့လာခွင့်ရတယ်။ ကျွန်တော်ဆိုရင် စာအုပ်ထဲမှာပဲ လေ့လာဖတ်ရှုဖူးတယ်။ အဲဒီလိုမျိုး စိမ်ဆောင်ရွက်ပေးတဲ့ အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အများသူငှာတို့လည်း အလွယ်တကူ လေ့လာခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလို ကျောက်ဆစ်ရုပ်တုကို ဖူးမြော်ရတာ ဒါပထမဆုံးပါပဲ။ ဒါဟာ သာသနာဖွံ့ဖြိုးတိုးတက်လာတဲ့ နိမိတ်လက္ခဏာလို့ပဲ ပြောချင်ပါတယ်။ နောက်ပြီး မဖူးမြော်ရသေးတဲ့သူတွေလည်း ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်လာမယ့်ဘုရားကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ကြဖို့ တိုက်တွန်းပါရစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဦးသိန်းဝင်း (ပျဉ်းမနားမြို့နယ်)

ဒီဘုရားကိုရောက်လာတာ မမြင်ဖူးတာတွေ လည်းမြင်ရတယ်။ လေ့လာဖို့ မလွယ်ကူတာတွေ လည်း လွယ်ကူသွားတယ်လို့ ထင်ပါတယ်။ မဖူးမြော်ရသေးတဲ့သူတွေအနေနဲ့လည်း ရုပ်မြင်သံကြားမှာ ဖူးမြော်ရတာနဲ့ အပြင်မှာဖူးမြော်ရတာ ကွာခြားတယ်ဆိုတာ ပြောချင်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ကြပါလို့ ပြောကြားလိုပါတယ်။ ကျွန်တော် မန္တလေးကို ဘုရားဖူးရောက်ဖြစ်တယ်။ ကျောက်စာတွေကို မလေ့လာဖူးဘူး။ အခု ဒါပထမဆုံး လေ့လာဖူးချင်းဖြစ်ပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာမဆုံးဖြစ်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒေါ်အုန်းသစ် (ကျောက်တံခါးမြို့)

အခုလာတာကတော့ ညီအစ်မတွေစုပြီး ရထားနဲ့လာလိုက်တာ။ ဘုရားကြီးစတည်ကတည်းက လာရောက်ဖူးချင်နေတာ။ ကြည်ညိုစိတ်တွေလည်းဖြစ်မိတယ်။ ညီမလေးက အလှူထည့်ဝင်ထားတာဆိုတော့ ဘုရာကြီးအနေကဇာတင်တဲ့နေ့သွားမယ်ဆိုပြီး တိုင်ပင်တော့ ရုံးပိတ်ရက်မှပဲ သွားမယ်ဆိုပြီး အခုမှပဲ ရောက်ဖြစ်တော့တယ်။ အခုလိုဘုရားကြီးတည်တဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ဘုရားကြီးတည်ဖို့ဆိုတာ လူတိုင်းမလုပ်နိုင်တဲ့ အရာပါ။ ကျွန်မအသက် ၆၀ ကျော်ပါ။ မြန်မာနိုင်ငံမှာတော့ ဒါဟာပထမဆုံးပဲလို့ မြင်ပါတယ်။ အဲဒီအတွက်လည်း ပြောမပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။ ပြီးတော့ ကျောက်စာရုံစေတီတွေမှာ ပိဋ္ဌကတ်တော်လာတွေထားပေးတဲ့အတွက် ဝမ်းသာပါတယ်။ ပိဋ္ဌကတ်တော်တွေကို လေ့လာဖို့ အခုလက်ရှိမှာရော နောင်လာနောက်သားတွေအတွက်ပါ အကောင်းဆုံးနေရာတစ်ခုတည်း ပါသွားမှာ အသေအချာပါပဲ။ နောက်ဘုရားကြီးတည်ဖို့ ကြံဆောင်ပေးတဲ့ ပုဂ္ဂိုလ်တွေ၊ ဦးဆောင်ဘုရားဒါယကာနဲ့ ထည့်ဝင်လှူဒါန်းကြတဲ့ ဘုရားဒါယကာတွေကို ကျေးဇူးတင်မိပါတယ်။ ပြီးတော့ မချီးကျူးဘဲလည်း မနေနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားတည်ဖို့ စိစဉ်ဆောင်ရွက်တဲ့နေရာမှာ ဒီလိုတစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်းမှာ ပြီးဖို့ဆိုတာ လွယ်တဲ့အရာတော့ မဟုတ်ဘူး။ အဲဒီအတွက် Plan ကောင်းကောင်းချပြီး တက်ညီလက်ညီ စည်းချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြလို့လည်း ဘုရားကြီးက ထူးခြားပြီး ဖူးလို့တောင်မဝဖြစ်ရပါတယ်။ အမှန်အတိုင်းပြောရရင် ဖူးလို့မဝဘူး၊ မပြန်ချင်သေးဘူး။ အခုလိုထူးခြားမွန်မြတ်တဲ့ ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီတော်များကို မြန်မာနိုင်ငံတစ်နံတစ်လျား အရပ်လေးမျက်နှာမှ တဖွဖွရောက်လာ၍ ဖူးမြော်ကြည်ညိုကြသည်။ လာရာအရပ်မတူညီကြသော်လည်း ငြိမ်းချမ်းခြင်း၊ သဒ္ဓါပီတိဖြစ်ခြင်း၊ ကျေနပ်ခြင်းအပြင် ဝမ်းမြောက်၍ သာဓုအနုမောဒနာ ပြုကြခြင်း စသည့် ခံစားမှုများကတော့ တူညီကြသည်ကို မြင်တွေ့ရပါကြောင်း မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့ မြင်ကွင်းမှ ဘုရားဖူးတို့၏ ခံစားမှုနှင့် အတွေးအမြင်များကို တင်ပြလိုက်ရပါသည်။

မိုးနဲမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား ၂၀၀ ကျော်အား အာဟာရကျွေး

မိုးနဲ သြဂုတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အောင်သပြေကျေးရွာ လူမှုကူညီရေးအသင်း၏ ဦးဆောင်မှုဖြင့် နမ့်မော်ဆွမ့်ကျေးရွာအုပ်စု အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းရှိကျောင်းသား ကျောင်းသူများအား အာဟာရအဖြစ် ထမင်းနှင့်ဟင်းလျာများ ကျွေးမွေးခြင်းကို အဆိုပါကျောင်း၌ ယနေ့နံနက် ၁၁ နာရီက အာဟာရဖွဲ့ဖြိုးရေးလှုပ်ရှားမှုအနေဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျွေးမွေးရာတွင် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာကျော်နှင့် ဆရာ ဆရာမများ၊ အောင်သပြေကျေးရွာလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများက ကျောင်းရှိ KG တန်းမှ Grade–9 အထိ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအပါအဝင် စုစုပေါင်း ၂၃၀ ကို ထမင်းနှင့်ဟင်းလျာများ နေ့လယ်စာ အာဟာရအဖြစ် ကျွေးမွေးခဲ့ကြောင်း သိရသည်။ **မျိုးညွှန့်ရွှေ(မိုးနဲ)**

သထုံမြို့နယ် သမဝါယမအသင်းစုနှစ်ပတ်လည် စည်းဝေး

သထုံ သြဂုတ် ၁၂

မွန်ပြည်နယ် သထုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို သြဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဇော်လွင်နှင့် မွန်ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်တို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်း၏စာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားတင်သွင်းခြင်း၊ အသင်းကိုယ်စားလှယ်များထံမှ အတည်ပြုချက်များရယူခြင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ထူးချွန်ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် သြဂုတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုဒေသ ကူဘင်ကာ၌ သြဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (ARMY – 2023)နှင့် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ (XI Moscow Conference on International Security) သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ Counsellor ဖြစ်သူ Mr. Pavel KLABUKOVနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပ

နေပြည်တော် သြဂုတ် ၁၂

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကိုယနေ့နံနက်၉နာရီတွင်နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၃ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် **"ကမ္ဘာကြီးရေရှည်တည်တံ့ဖို့ လူငယ်စွမ်းအားဖြင့် ဖန်တီးစို့"** ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ်လူငယ်များအချင်းချင်း ပူးပေါင်း၍ လူငယ်များ၏စွမ်းအားကို အသုံးပြုပြီး ကမ္ဘာကြီးရေရှည်တည်တံ့နိုင်စေရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူငယ်များ ဗဟုသုတပြန့်ပြားစေပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ စနစ်တကျချမှတ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြောကြား

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဦးဆောင်ဝန်ကြီးဌာနများဖြစ်သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများ အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် ထူးချွန်သည့် နိုင်ငံ့ဂုဏ်ဆောင်လူငယ် မောင်/မယ်များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များ၏ စွမ်းပကားဖြင့် လူမှုစီးပွားဘဝ သာယာဖွံ့ဖြိုးတိုးတက်သော အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ဖန်တီးပုံဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr.Antonio Guterres က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့လာသည့် သဝဏ်လွှာကို မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဖတ်ကြားခဲ့ပြီး ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ထူးချွန်ဆုရလူငယ်များအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး လူငယ်များကိုယ်စား ထူးချွန်လူငယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်အရန်ဆန်များ စုဆောင်းထားရှိမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

ရန်ကုန် သြဂုတ် ၁၂

နိုင်ငံတော်အရန်ဆန်ဝယ်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရန်ဆန်ဝယ်ယူရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့်အတူ ဒုတိယအကြိမ်ဝယ်ယူစုဆောင်းနေသည့် နိုင်ငံတော်အရန်ဆန်များ စုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် အရန်ဆန်အိတ်နှစ်သိန်းကို ယခုနှစ်မေလအတွင်း ပထမအကြိမ်ဝယ်ယူစုဆောင်းခဲ့ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများသို့ နိုင်ငံတော်မှ ဖြန့်ခွဲပေးပို့ခဲ့ပြီးဖြစ်သည်။

ယခုအခါ ထပ်မံ၍ သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ ဆက်လက်ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်း၍ ဒုတိယအကြိမ် ဆန်အိတ်ငါးသိန်းကို ထပ်မံဝယ်ယူစုဆောင်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ ဆက်လက်ပို့ဆောင်ပေးရန် စီစဉ်ထားရှိမှုအပေါ် ဝယ်ယူစုဆောင်းထားသည့် အရန်ဆန်များ သတ်မှတ်အရည်အသွေးနှင့် အလေးချိန်ပြည့်မီခြင်းရှိ/မရှိ စစ်ဆေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း စာဖတ်ရှိန်မြင့်မားရေးဟောပြောပွဲ ကျင်းပ

ပန်းတောင်း သြဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပညာရေးမှူးရုံးနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ အခြေခံပညာအထက်တန်း/အလယ်တန်းကျောင်းများ၌ စာဖတ်ရှိန်မြင့်မားရေးစာပေဟောပြောပွဲကို သြဂုတ် ၁၀ ရက်က ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အေးမူက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာမခင်နှင်းဆီရွှေ (ပြည်)က "လှပသောနှလုံးသား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာခင်အောင်(ပြည်)က" ဘဝထဲက အချိန်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။

အောင်မြင့်(ပန်းတောင်း)

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ သုခဝတီပြည်သူ့အင်္ဂါးအိမ်ရာစီမံကိန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် သြဂုတ် ၁၂

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ သုခဝတီပြည်သူ့အင်္ဂါးအိမ်ရာ စီမံကိန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အိမ်ရာစီမံကိန်း၌ ကျင်းပသည်။

အခမ်းအနားသို့ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်သူ့အင်္ဂါးအိမ်ရာ တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး ဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်(MCEF)နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်း(MDA) တို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက သုခဝတီပြည်သူ့အင်္ဂါးအိမ်ရာဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စု ဝန်ကြီးနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ တို့က သုခဝတီ ပြည်သူ့အင်္ဂါးအိမ်ရာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် သုခဝတီ ပြည်သူ့အင်္ဂါးအိမ်ရာ ဖွင့်ပွဲအထိမ်းအမှတ် အိမ်ရာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် စေရေးနှင့် သာယာလှပစေရေး အတွက် သတ်မှတ်နေရာများတွင် ကံ့ကော်၊ မဟော်ဂနီ၊ ပိတောက်၊ ငှ နှင့် ခရေပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အင်္ဂါးအိမ်ရာ စီမံကိန်းအတွင်း အိမ်ခန်းတစ်ခန်း၏ နမူနာ

ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများအတွက် ပြင်ပင်္ဂါးရမ်းခများထက် သက်သာသည့်နှုန်းထားများဖြင့် ဌားရမ်းနေထိုင်နိုင်ရေး နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့တို့တွင် ပြည် သူ့အင်္ဂါးအိမ်ရာများကို နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုအနေဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ မန္တလေးမြို့တွင် မဂ်လာရန်ကင်း ပြည်သူ့အင်္ဂါးအိမ်ရာကို ဇွန် ၃၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး အိမ်ခန်းပေါင်း ၁၄၅၆ ခန်းကို ပြည်သူများသို့ နေရာချထားပေးပြီး ဖြစ်ကြောင်း၊ ယခု နေပြည်တော် သုခဝတီ ပြည်သူ့အင်္ဂါးအိမ်ရာတွင် အိမ်ခန်းပေါင်း ၄၄၈ ခန်းကို ပြည်သူများသို့ နေရာချထားပေးမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိသုခဒဂုံပြည်သူ့အင်္ဂါးအိမ်ရာတွင်လည်း အိမ်ခန်းပေါင်း ၃၁၀၄ ခန်းကို ပြည်သူများသို့ နေရာချထားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သုခဝတီ ပြည်သူ့အင်္ဂါးအိမ်ရာ တည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်း၍ နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများ အတွက် များစွာအကျိုးရှိသည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF)မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့အင်္ဂါးအိမ်ရာစီမံကိန်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အိမ်ရာ ဌားရမ်းနေထိုင်ခွင့်ရရှိသူများကိုယ်စား အိမ်ခန်းရရှိသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သုခဝတီ ပြည်သူ့အင်္ဂါး အိမ်ရာသည် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်တွင်တည်ရှိပြီး နေထိုင်သူများ အဆင်ပြေစေရန် အိမ်ခန်းတစ်ခန်းလျှင် ဧည့်ခန်း၊ အိပ်ခန်း နှစ်ခန်း၊ မီးဖိုခန်းနှင့် ရေချိုးခန်း၊ သန့်စင်ခန်းတို့ပါဝင်သည့် လေးခန်းတွဲ ငါးထပ် အဆောက်အအုံ ၂၈ လုံး၊ အိမ်ခန်းပေါင်း ၄၄၈ ခန်းကို ဆောင်ရွက်ပြီးစီး၍ ပြည်သူများ အား နေရာချထားပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး ဆည်တမံများအတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၁၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဆည်တမံများအတွင်း ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ်ရှိ ဆင်အုံကန် ရေလှောင်တမံ သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ တာဝန်ရှိသူက ဆင်အုံကန် ဆိုင်ရာအချက်အလက်များ ပြန်လည်ပြင်ဆင်ထားရှိမှု၊ ဆင်အုံကန်ရေပိုလွှဲတွင် ရေတံခါးတပ်ဆင်ထားရှိမှု၊ မြို့ပြသုံးရေဖြန့်ဝေမှု၊ ရေဝင်ရောက်မှုနှင့် စိုက်ပျိုးရေ ဖြန့်ဝေမှုများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လယ်ယာကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန် သီးထပ်ပိုမိုစိုက်ပျိုးနိုင်ရေး၊ စပါးအထွက်တိုးရေး၊ စပါးစိုက်ပျိုးရန် အဆင်မပြေသည့်လယ်မြေများတွင် ဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး ပြောကြားကာ ဆင်အုံကန်ရေပိုလွှဲတွင် ရေတံခါးတပ်ဆင်ထားရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရန်အောင်မြင်ဆည်သို့ ရောက်ရှိပြီး ရေသန့်စင်စက်ရုံ လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒက္ခိဏာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊

မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များကို နည်းပညာများပံ့ပိုးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ဒက္ခိဏာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် တက်ရောက်လာသူများက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

သတင်းစဉ်

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှုခင်းများကြားနာစစ်ဆေးစီရင်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် သြဂုတ် ၁၂

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှုခင်းများ ကြားနာစစ်ဆေးစီရင်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က တရားရုံးများအနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အခွင့်အရေးကို တရားစီရင်ရေးကဏ္ဍမှ ဥပဒေအရ အပြည့်အဝအကာအကွယ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆောင်ရွက်ချက်များနှင့် Judicial Review ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးကျော်ကျော်က လည်းကောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ တရားမကြောင်းဖြင့် မှုခင်းများစွဲဆို စစ်ဆေးစီရင်ခြင်းခေါင်းစဉ်ဖြင့် ကျောက်တံတားခရိုင်တရားရုံး တွဲဖက်ခရိုင်တရားသူကြီး ဦးမင်းသန့်က လည်းကောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ရာဇဝတ်ကြောင်းဖြင့် မှုခင်းများစွဲဆိုစစ်ဆေးစီရင်ခြင်း ခေါင်းစဉ်ဖြင့် ကျောက်တံတားခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးသန့်စင်ငြိမ်းက လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် ဥပဒေပညာရှင်များက သိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ခေတ်ကိုပြောင်းမည်၊ စိတ်ကိုပြောင်းသည်

ချစ်နိုင်(စိတ်ပညာ)

“Mind is the Master.”

JAMES ALLEN(1864–1917)

စာရေးသူရဲ့ စာဖတ်ပရိသတ်တွေထဲမှာ တောင်သူ၊ လယ်သမား၊ အလုပ်သမား၊ လခစား ဝန်ထမ်း၊ ကျောင်းဆရာ၊ စာရေးစာချီ၊ ပါမောက္ခ၊ ကထိက၊ အရာရှိအရာခံ စသဖြင့် အသက်မွေး ဝမ်းကျောင်းအစုံပါတယ်။ တောရောမြို့ပါ၊ ဆင်းရဲချမ်းသာ၊ တောင်ပေါ်မြေပြန့် နေရာအနှံ့ပါဝင်ကြတာ သိရှိရပါတယ်။ နှစ်ပေါင်းလေးဆယ် စာရေးသက်အရ စာဖတ်ပရိသတ်အတော်အသင့်နဲ့ ထိတွေ့နေခဲ့ပါတယ်။ စာနယ်ဇင်းမျိုးစုံ အဆက်မပြတ်ရေးခဲ့တာရယ်၊ လုံးချင်းစာအုပ် ၁၂၀ ကျော်ထုတ်ဝေခဲ့တာရယ် (အချို့စာအုပ်ဟာ အကြိမ်ကြိမ် ထပ်မံပုံနှိပ်ခဲ့ရပါတယ်)။

ဒေသအစုံ၊ လူမျိုးအစုံ၊ အလုပ်အကိုင်မျိုးစုံက မိမိရဲ့စာဖတ်ပရိသတ်တွေကို တွေ့ဆုံရတာက ဆရာကြီးလယ်တွင်းသားစောချစ်၊ ဆရာကြီးချစ်စံဝင်း၊ ဆရာမြင်းမူမောင်နိုင်မိုးအစရှိတဲ့ စာရေးဆရာပေါင်း ၁၄၀ ကျော်နဲ့အတူ အနယ်နယ်အရပ်ရပ်ကို စာပေဟောပြောပွဲတွေ လှည့်လည်ဟောပြောခဲ့ခြင်းကြောင့်လည်း ပါပါတယ်။ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ ကျော်အောင်၊ မင်းယုဝေ၊ မောင်ဆုရှင်၊ စောမုံညင်း၊ ကြူကြူသင်း၊ မစန္ဒာ စသည်ဖြင့် လေးစားအားကျအတုယူရတဲ့ ဆရာကြီး၊ ဆရာမကြီးတွေနဲ့ မြို့ရော တောပါ ပရိသတ်မျိုးစုံ ထိတွေ့ခွင့်ရခဲ့တဲ့ အတွေ့အကြုံဟာလည်း ပြန်တွေးကြည့်တိုင်း ကြည်နူးစရာပါ။ ခုခေတ်မှာ လူတွေ ယခင်ကထက် စာဖတ်ကြတာ နည်းပါးသွားတယ်ဆိုတာကို မငြင်းပယ်နိုင်ပေမယ့် ရေးတဲ့သူကရေး၊ ထုတ်တဲ့သူကထုတ်၊ ဖတ်တဲ့သူကလည်း ဖတ်ရှုနေကြတာပါပဲလို့ တွေ့မြင်ရပါတယ်။ ဟုတ်တယ်နော်။

လက်ကိုင်ဖုန်းရှိတဲ့သူတိုင်းက ရေးချင်တာရေး၊ ပြောချင်တာပြော၊ သတ်ပုံ မှန်မှန် မမှန်မှန်။ သဒ္ဒါ ဝါကျ မှန်မှန် မှားမှား။ ရေးထုံးနဲ့ ညီညီ မညီညီ။ လူ့ကျင့်ဝတ်နဲ့ ဆီလျော်သည်ဖြစ်စေ၊ မဆီလျော်သည်ဖြစ်စေ အားလုံးက စာရေးဆရာ၊ သတင်းစာဆရာတွေဖြစ်နေပေသကိုး။ ပကတိအရှိတရားကို တော့ လက်ခံရပေမယ်။ အရေအတွက် သန်းနဲ့ချီပြီး စာရေးသူတွေ တိုးနေတာကိုးခင်ဗျ။ အရည်အချင်းကတော့ စလုံးနဲ့ ဆလိမ်မကွဲသူလည်းပါရဲ့။ မ နဲ့ က လွဲနေကြတာ၊ ကို နဲ့ အား မှားနေကြတာ၊ ရ နဲ့ က မပီသတာ စသဖြင့် မူလတန်း၊ သူငယ်တန်းအဆင့်မျှ ရေးသားနေကြတာလည်း မြင်ရမယ်။ ဘာပဲဖြစ်ဖြစ် ရေးခြင်းကို အားပေးသင့်တယ်။ မှားတာတွေ့ရင် ပြင်ရမှာပေါ့။ များများရေးရင်း– ရေးရင်း– ပြင်ပြင်သွားပါက တိုးတက်လာကြမှာပဲပေါ့။ စာရေးသူက အကောင်းမြင်သမားဖြစ်ရတာ ကျေနပ်ပါတယ်။

အိန္ဒိယနိုင်ငံကို မရောက်ဖူးပေမယ့် ယဉ်ကျေးမှုချင်းဆက်သွယ်နေတဲ့ နောက်ခံသမိုင်းကြောင်းနဲ့ ဗြိတိသျှ ကိုလိုနီလက်အောက်ခံ ဖိနှိပ်သွေးစုပ်အနိုင်ကျင့်ခံခဲ့ရတာချင်းမှာ အိန္ဒိယနဲ့ မိမိတို့က ဘဝတူတွေမို့ အထူးစိတ်ဝင်စားမိပါရဲ့။ စီးပွားရေး၊ နိုင်ငံရေးအတက်အကျ၊ အကောင်းအဆိုး အမျိုးမျိုးကိုလည်း ဘေးကမြင်နေခဲ့ရတယ်။ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးလေ။ သူ့ကိုအလေးထား အာရုံစိုက်နေမိတာ သဘာဝကျပါတယ်။

ကြည့်ပါ–

ဗြိတိသျှနိုင်ငံ အင်္ဂလန်ကို လက်ရှိအုပ်ချုပ်ကြီးမှူးနေတဲ့ ဝန်ကြီးချုပ်ဟာ အင်္ဂလိပ်လူမျိုးမဟုတ်ပါ။ အိန္ဒိယလူမျိုး “ရီရှီဆူနက်”တဲ့။ ရစ်ချက်လည်းမဟုတ်ဘူး၊ ဂျက်ကီလည်းမဟုတ်ဘူး။ အရှေ့တိုင်းသား အိန္ဒိယလူမျိုးလေ။ ဒါဟာ (၂၁)ရာစုရဲ့ ထူးခြားတဲ့သင်္ကေတလက္ခဏာတစ်ခုလို့ပြောရမှာပဲ။ အမေရိကန်ပြည်ထောင်စုမှာ ဘာရက်အိုဘားမားဆိုတဲ့ နီဂရိုး၊ အာဖရိကလူမည်းက သမ္မတတက်ဖြစ်တာ ရာဇဝင်စာမျက်နှာသစ်ပြောင်းလဲခြင်းဖြစ်ခဲ့သလို အိန္ဒိယနိုင်ငံသား ရီရှီဆူနက်က လူဖြူအင်္ဂလိပ်တွေ ခေါင်းပေါ်တက်ထိုင်နေတာ ဝင့်ရှည်ကြောင်း သက်သေသာဓကပါပဲ။

ဒါမျိုးတစ်ယောက်တလေဆို စကားထဲထည့်မပြောပါဘူး။ လူမျိုးရေး ခွဲခြားဖိနှိပ်ဆက်ဆံခဲ့တာ နှစ်ပေါင်းနှစ်ရာကျော်လောက် ကျွန်တော်တို့ အောက်ကျနောက်ကျ ခေါင်းငုံ့ခံခဲ့ကြရတဲ့ခေတ်ကာလဟာ ကုန်ဆုံးပြောင်းလဲခဲ့ပြီဆိုတာ စာဖတ်သူတွေ သတိထားမိပါစ။ (ထကြ၊ ထကြ၊ နိုးထကြ။ အိပ်ပျော်မနေကြနဲ့။ မျက်စိနှစ်လုံးကို ပွတ်ပြီးကြည့်လိုက်ကြ)ဟောဒီမယ်–

၁။	မိုက်ခရိုဆော့ဖ်ကုမ္ပဏီကြီးရဲ့ အမှူဆောင် အရာရှိချုပ် Microsoft Co:	CEO
၂။	Google	CEO
၃။	Adobe	CEO
၄။	IBM	CEO
၅။	Chanel	CEO
၆။	Starbuck Co:	CEO, etc...

> ❖ **ပြည်သူ ပြည်သားတွေ ကြားရ၊ မြင်ရ၊ ခံစားကြရတာ စိတ်မသက်သာလှဘူး။ (၂၁)ရာစု အာရှခေတ်သစ် ဖွံ့ဖြိုးတိုးတက်မှုလှိုင်းကြီးက ထကြွတက်လာခဲ့ပြီ။ မြန်မာပြည်က ခေတ်သစ်ရေစီးကြောင်းနဲ့အတူ တိုးတက်ဖွံ့ဖြိုးလိုက်ပါနိုင်အောင် ပြည်သူ့အပေါင်းရဲ့ စိတ်နေသဘောထားနဲ့ အသိအမြင်ကို ပထမဦးဆုံး သိသိသာသာပြောင်းလဲကြရပါဦးမယ်**
>
> ❖ **ပြည်သူ့လူထု ၉၈ ရာခိုင်နှုန်းကို ရှေ့ဆောင်လမ်းပြကူညီနေရမှာက အစိုးရဝန်ထမ်း၊ အရာထမ်း၊ အမှူထမ်း၊ ဌာနဆိုင်ရာတွေဗျ။ ဆရာတို့ ဆရာမတို့က လုပ်သားပြည်သူ ၅၅ သန်းထဲမှာ နှစ်ရာခိုင်နှုန်းကျော်ကျော်လေးသာရှိတဲ့ လခစားဝန်ထမ်းတွေပဲ။ သို့ပေမယ့် ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမယ်။ ငါကစပြီး ဦးဆောင်စံနမူနာပြသမယ်ဆိုတဲ့ ဝန်ထမ်းကောင်းတွေ တိုးပွားဖို့ လိုအပ်နေသေးတယ်**

ကမ္ဘာကျော် သန်းကြွယ်လုပ်ငန်းကြီးပေါင်းများစွာရဲ့ ထိပ်တန်းရာထူးအမြင့်ဆုံးထိုင်ခုံ၊ “အမှူဆောင်အရာရှိချုပ်ဆိုတဲ့နေရာ”မှာ အိန္ဒိယနိုင်ငံသားတွေချည်းထိုင်ပြီး စီမံခြယ်လှယ်နေကြတာကို သင်တို့တွေ့ကြပြီလား။ ဒီလောက်ဆို သဘောပေါက်ပေပြီ။

နမူနာယူစရာ အိန္ဒိယနိုင်ငံသားတွေ၊ တရုတ်တွေ၊ အနောက်တိုင်းကို ပခုံးချင်းယှဉ်ရုံမျှမကတွင်ကျယ်နေကြပြီဆိုတာ သတိပြုကြည့်လိုက်ပါ။ (၂၁)ရာစုဟာ (၁၉)ရာစု၊ (၂၀)ရာစုနဲ့မတူကွဲပြားခြားနားသွားခဲ့ပြီ။ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနိုင်ငံတွေနဲ့ မလေးရှား၊ ထိုင်း၊ ဗီယက်နမ် စတဲ့အာရှနိုင်ငံတွေရဲ့ (၂၁)ရာစုကာလအတွင်း စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ တိုးတက်ပြောင်းလဲမှုတွေဟာ အတိတ်သမိုင်းနဲ့ မတူတော့ဘူး။ မြန်မာပါဖို့ လိုနေတယ်။

လူဦးရေ သန်း ၁၃၀၀ ရှိတဲ့ တရုတ်။ လူဦးရေ သန်း ၁၄၀၀ ရှိတဲ့ အိန္ဒိယ၊ အဏုမြူလက်နက်တွေ ပိုင်ဆိုင်ကြရုံမျှမက ရေတပ်၊ လေတပ်အင်အားတွေ တိုးချဲ့တောင့်တင်းလာတဲ့ အာရှနိုင်ငံကြီးတွေ သိသိသာသာ အားကောင်းလာနေပြီ။

အနောက်နိုင်ငံသား မျက်နှာဖြူဆိုရင် မိမိကိုယ်ကို သူတို့ထက် အောက်ကျနောက်ကျတယ်ဆိုတဲ့ “ယခင်အမြင်သဘောထား”ကို ယနေ့ တိုက်ရွတ် ဆေးကြောပစ်လိုက်ကြပါစို့။ ပညာရေးလောက ပြဋ္ဌာန်းချက်သင်ရိုးတွေမှာ ဥရောပသမိုင်းအစား အာရှသမိုင်းကို ပိုပြီးအခြေခံပညာကျောင်းတွေမှာ ပြောင်းလဲကြရမယ်။ သတင်းစာဆရာ၊ စာရေးဆရာတွေကိုယ်တိုင်က မျက်နှာဖြူဆိုရင် မေ့ကြည့်ချင်တဲ့ “မိမိကိုယ်ကို သိမ်ငယ်နိမ့်ကျတဲ့ခံယူချက်”ကို ပြင်ကြ ပြောင်းကြဖို့လိုပါတယ်။ နိုင်ငံတော်ရဲ့ နားမျက်စိတွေကိုယ်တိုင် (၂၁)ရာစု အခြေအနေနဲ့ ဆီလျော်ကိုက်ညီရပေလိမ့်မယ်။

အမေရိကန်၊ အင်္ဂလိပ်တွေကို ဆရာတင်မနေနဲ့ဆိုတော့ တရုတ်၊ အိန္ဒိယတို့ရဲ့ တပည့်ခံရမှာလား။

ဘယ်သူ့ဘယ်ဝါရဲ့ တပည့်၊ လက်အောက်ခံ၊ ငယ်သားမှ မဟုတ်စေရဘူး။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး နိုင်ငံချင်း၊ လူမျိုးချင်း တန်းတူရည်တူ ခင်ခင်မင်မင်၊ လေးလေးစားစား ဆက်ဆံတတ်ကြရမယ်။ နိုင်ငံခြားသားကို မေ့ကြည့်နေစရာမလိုဘူး။ ကိုယ့်တိုင်းရင်းသား အချင်းချင်းကိုလည်း ငုံ့မကြည့်ကြပါနဲ့။ အထင်အမြင်သေးတဲ့ သဘောထားမျိုး မရှိပါလေနဲ့။ မနှိမ်ပါနဲ့။ မပစ်ပယ်ပါနဲ့။ တန်းတူရည်တူ ညီရင်းအစ်ကို၊ မောင်ရင်းနှမလို ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ဆက်ဆံတတ်ပါစေ။ လူမျိုးရေးသွေးကွဲတာမျိုး မရှိကြပါစေနဲ့။ သည်းခံစိတ်ရှည်ပါ။

အထူးသဖြင့် ပညာရေးလောက ကျောင်းဆရာ ဆရာမတွေနဲ့ စာရေးဆရာ၊ သတင်းစာဆရာတွေဟာ လူငယ်ကျောင်းသား ကျောင်းသူအပါအဝင် ပြည်သူ့လူထုကို အလင်းရောင် အသိပညာဗဟုသုတ ဖြန့်ဝေပြီး မှန်ကန်တဲ့အသိဉာဏ်၊ အကျိုးရှိတဲ့ဉာဏ်ပညာမျှဝေနေကြသူတွေမို့ အရေးကြီးပါတယ်။ အမြင်မှန်ရှိကြစေလိုပါတယ်။

တောသူတောင်သားလူငယ်တွေ မှားယွင်းစွာ လက်နက်ကိုင် ပုန်ကန်ထကြွပြီး လက်နက်မဲ့ပြည်သူ့လူထုအပေါ် နှိပ်စက်၊ သတ်ဖြတ်၊ လုယက်၊ တိုက်ခိုက်၊ မီးရှို့၊ ဗုံးခွဲ၊ မိုင်းခွဲ၊ ဖျက်ဆီးနေကြခြင်းရဲ့ အရင်းအမြစ်ဟာ အသိအမြင်နည်းပါးခြင်းပဲမဟုတ်လား။ ဘယ်သူ့ဘယ်ဝါ လက်ညှိုးထိုး အပြစ်ရှာလိုခြင်းမရှိပါ။

ပြည်ပမှ ကြိုးကိုင်ခြယ်လှယ်နေတာလေ။

ခေတ်သစ်နယ်ချဲ့ရဲ့ လှည့်စားဖြားယောင်းမှုကို တပည့်ခံပြီး သံယောင်လိုက်တဲ့ အချောင်သမား နိုင်ငံရေးလက်ကိုင်တုတ်တစ်စုနဲ့ ဆရာ့ကျင့်ဝတ်၊ ဝန်ထမ်းကျင့်ဝတ်၊ သမားကျင့်ဝတ်၊ ပြည်သူ ပြည်သားကောင်းတစ်ယောက်ရဲ့ စောင့်စည်းအပ်တဲ့ လူ့ကျင့်ဝတ်ကိုတောင် ချိုးဖောက်ပြီး လွဲချော်ကြသူ အချို့ကြောင့် နိုင်ငံနဲ့လူမျိုးမှာ အတော်ကြီးထိခိုက်နစ်နာနေရတယ်။ ထားပါတော့။

ပြည်သူ ပြည်သားတွေ ကြားရ၊ မြင်ရ၊ ခံစားကြရတာ စိတ်မသက်သာလှဘူး။ (၂၁)ရာစု အာရှခေတ်သစ် ဖွံ့ဖြိုးတိုးတက်မှုလှိုင်းကြီးက ထကြွတက်လာခဲ့ပြီ။ မြန်မာပြည်က ခေတ်သစ်ရေစီးကြောင်းနဲ့အတူ တိုးတက်ဖွံ့ဖြိုးလိုက်ပါနိုင်အောင် ပြည်သူ့အပေါင်းရဲ့ စိတ်နေသဘောထားနဲ့ အသိအမြင်ကို ပထမဦးဆုံး သိသိသာသာပြောင်းလဲကြရပါဦးမယ်။

ပြည်သူ ပြည်သားတွေရဲ့ စိတ်ကူးအာရုံထဲမှာ ကြွယ်ဝချမ်းသာခြင်းဆိုတာ ငါတို့နဲ့သက်ဆိုင်တယ်။ ချမ်းသာကြွယ်ဝခြင်းကို ငါတို့ရရှိအောင် စွမ်းဆောင်နိုင်တယ်။ တစ်ချိန်က ငါတို့ထက် ပိုမိုဆိုးရွားခဲ့သေးတဲ့ အိမ်နီးနားချင်းတရုတ်တွေ၊ အိန္ဒိယနိုင်ငံသားတွေတောင် မွဲလှလတ်လှတဲ့ဘဝက ရုန်းကန်ထခဲ့ကြတာ နှစ်ပေါင်း(၇၅)နှစ်ကြာတဲ့အခါ သိသိသာသာ ပြည့်စုံကြွယ်ဝသွားကြတာပဲလေ။ မျက်မြင်ပဲ။ ငါတို့လည်း ဘာလို့မဖြစ်နိုင်ရမှာလဲ။

စိတ်ကူးထဲမှာတောင် မရှိသေးဘူး။ ဟုတ်လား။

ကဲ–စိတ်ကူးထဲမှာ ရှိနေအောင်ထည့်လိုက်ပါတော့လား။ ဒါက ပိုက်ဆံတစ်ပြားတစ်ကျပ်မှ မကုန်ကျပါဘူး။ အခုစာရေးသူပေးတဲ့ အကြံဉာဏ်က အကျိုးရှိစေရမယ်။

အမြတ်ထွက်စေရပါမယ်။

“ယနေ့ မိမိစိတ်ကို ပြောင်းလဲပစ်လိုက်ပါ။”

ငါနဲ့ ငါ့မိသားစုဟာ မကြာခင်မှာ (၁၀ နှစ်အတွင်း) ကြွယ်ဝချမ်းသာလာရမယ်။ စိတ်ကူးပါ။ လူတိုင်းလူတိုင်း အိပ်မက် (ရည်ရွယ်ချက်)ရှိမှသာ တကယ်ဖြစ်တာ။ ဘာရည်ရွယ်ချက်မှ ရှိမထားပါဘဲ တစ်နေ့စာတစ်နေ့ ကြုံသလို နေထိုင်သွားရင် ဘယ်တိုးတက်ပါတော့မလဲ။

ပြည်သူ့လူထု ၉၈ ရာခိုင်နှုန်းကို ရှေ့ဆောင်လမ်းပြကူညီနေရမှာက အစိုးရဝန်ထမ်း၊ အရာထမ်း၊ အမှူထမ်း၊ ဌာနဆိုင်ရာတွေဗျ။ ဆရာတို့ ဆရာမတို့က လုပ်သားပြည်သူ ၅၅ သန်းထဲမှာ နှစ်ရာခိုင်နှုန်းကျော်ကျော်လေးသာရှိတဲ့ လခစားဝန်ထမ်းတွေပဲ။ သို့ပေမယ့် ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမယ်။ ငါကစပြီး ဦးဆောင်စံနမူနာပြသမယ်ဆိုတဲ့ ဝန်ထမ်းကောင်းတွေတိုးပွားဖို့ လိုအပ်နေသေးတယ်။

လက်ရှိအခက်အခဲ၊ ဆင်းရဲတာထားပါ။

ကြွယ်ဝချမ်းသာဖို့ရာ စိတ်ကူးခွင့်တော့ ရှိပါတယ်။

ရာထူးမတိုးချင်ဘူးလား။ တိုးချင်ကြပါတယ်။

အစိုးရဝန်ထမ်းဆိုတာ လုပ်သက်လေးရလာရင် ရာထူးအဆင့်ဆင့်တော့ တိုးချင်ကြတာချည်းပါပဲ။

ရာထူးတိုးချင်ရင် ဘာလုပ်ရမလဲ။

အထက်လူကို ဖားတတ်သူတွေသာ ရာထူးတိုးတတ်တယ်လို့ ယူဆနေရင် မှားတယ်ခင်ဗျာ။ အမြင်ကိုပြင်ပါ။ အပြစ်မဆိုပါ။ အမှန်ကို သိမြင်အောင်သာ စာရေးသူက ဖော်ပြပေးမှာပါ၊ ဒါလေးတွေသာ တိကျစွာလိုက်နာကြည့်စေလိုပါတယ်။

စာမျက်နှာ ၁၂ သို့ ❐

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် သြဂုတ် ၁၂

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ၊ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပပြီး ရန်ကုန်နှင့် မန္တလေးမြို့ရှိ ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များက Online Virtual ဖြင့်တက်ရောက်ကြသည်။

Online Trading အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပို့ကုန်တင်ပို့သူနှင့် သွင်းကုန်တင်သွင်းသူများအကြား သဘောတူညီချက်များဖြင့် နိုင်ငံခြားငွေရောင်းဝယ်ခဲ့ခြင်း၊ ဈေးကွက်၏ အမှန်ရောင်းလိုအား၊ ဝယ်လိုအားကို မလျော်ညီသော လဲလှယ်နှုန်းများဖြင့် ရောင်းဝယ်ခဲ့ကြခြင်းနှင့် အခြားပြင်ပအကြောင်းအချက်များကိုမူတည်၍ ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဇွန် ၂၂ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဦးဆောင်ပြီး AD လိုင်စင်ရဘဏ်များနှင့် Customer များအကြား၊ Customer အချင်းချင်းအကြား ရောင်းဝယ်ခြင်းကို Online Trading အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအစီအစဉ်တွင် ပါဝင်မည့် ပို့ကုန်တင်ပို့သူ၊ သွင်းကုန်တင်သွင်းသူများ၊ ဘဏ်များ လိုက်နာရမည့်အခြေခံသတ်မှတ်ချက်များအား သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

Online Trading အစီအစဉ်တွင် နိုင်ငံခြားငွေရောင်းလိုအားနှင့် ဝယ်လိုအားမျှတရန် ဗဟိုဘဏ်အနေဖြင့် လိုအပ်သလို ငွေကြေးပံ့ပိုးပေးနိုင်ခြင်း Financing ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် ယွမ်နှင့်ဘတ်တို့အသုံးပြုကာ ပေးချေနိုင်သည့်အခြေအနေမှပုံမှန်ပင်လယ်ရေကြောင်းကုန်သွယ်ရေးတွင်လည်း ယွမ်နှင့်ဘတ်ဖြင့် ပေးချေနိုင်ပြီဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာဖြင့် ပေးချေမှုများကိုလျှော့ချပြီး ယွမ်နှင့်ဘတ်ကို တိုးမြှင့်သုံးစွဲခြင်းဖြင့် ယွမ်နှင့်ဘတ် လဲလှယ်နှုန်းများ ပြင်ပသက်ရောက်မှုများကြောင့် အတက်အကျမများဘဲ လဲလှယ်နှုန်းတည်ငြိမ်စေရေးအတွက် Online Trading အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်း Online Trading အစီအစဉ်အရ ပို့ကုန်တင်ပို့သူများသည် သတ်မှတ်ကာလအတွင်း နိုင်ငံခြားငွေကို ပြည်တွင်းသို့ ပြန်လည်လွှဲပို့နိုင်သည့်အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ Online Trading အစီအစဉ်တွင် ရောင်းဝယ်လျက်ရှိသော နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဘဏ်များ၏ Website တွင် တွေ့ရှိနိုင်သကဲ့သို့ ယင်းလဲလှယ်နှုန်းသည် တရားဝင်လဲလှယ်နှုန်းများဖြစ်ကြောင်း၊ ငွေကြေးဈေးကွက်တွင် နိုင်ငံခြားငွေကြေး ဈေးကစားသူများသည် ကောလာဟလသတင်းအမျိုးမျိုးထုတ်လွှင့်ပြီး ငွေကြေးဈေးကွက် ကမောက်ကမဖြစ်စေရန် လှုံ့ဆော်နေသည်ကို အားလုံးသိရှိနိုင်ကြောင်း၊ နိုင်ငံခြားငွေကြေးများအား တရားမဝင်သောနည်းလမ်းများဖြစ်သည့် ဟွန်ဒီနည်းလမ်း၊ ငွေသားများ လက်သိပ်ထိုးရောင်းသောနည်းလမ်း၊ နယ်စပ်ဒေသရှိ တရားမဝင်လုပ်ငန်းများမှ ဝယ်ယူရောင်းချနေသူများရှိကြောင်း၊ ယင်းသို့ ပါဝင်ပတ်သက်ဆောင်ရွက်သည့်ပုဂ္ဂိုလ်များအား ကျော်ဇော သတင်းများအရ စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံခြားငွေကြေးဈေးကွက်တွင် Online Trading အစီအစဉ်ဆောင်ရွက်သကဲ့သို့ ရွှေတုံး၊ ရွှေခဲရောင်းဝယ်မှုများအတွက် Online Trading အစီအစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယင်းရွှေဈေးကွက် တည်ငြိမ်ခိုင်မာရေးအတွက် အလေးချိန်သတ်မှတ်ချက်စံချိန်စံညွှန်း၊ အရည်အသွေး သတ်မှတ်ချက်စံချိန်စံညွှန်းနှင့် ဈေးနှုန်းသတ်မှတ်တွက်ချက်သည့် လုပ်ငန်းအစီအစဉ် (Mechanism) များအတိုင်း တရားဝင်မှတ်ပုံတင်လက်မှတ်ရှိသူများသာ Online Trading အစီအစဉ်တွင် တရားဝင်စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ရောင်းဝယ်ခွင့်ပြုရန်လိုအပ်ကြောင်း၊ ကြီးကြပ်စစ်ဆေးသူများအနေဖြင့် ရွှေဆိုင်များသည် ဈေးနှုန်းများတည်ငြိမ်မှုမရှိစေရန်နှင့် ကမောက်ကမဖြစ်အောင် ဈေးကစားသူများတွင် ပါဝင်နေခြင်း ရှိ/မရှိ၊ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များနှင့် လိုအပ်သည့်မှတ်ပုံတင်လက်မှတ်များ ရှိ/ မရှိ၊ အမှန်တကယ် တရားဝင်အရောင်းအဝယ်ပြုလုပ်နေသည့် ဈေးနှုန်းများ၊ ငွေပေးချေသည့် နည်းလမ်းများ စသည့်အချက်များကို သေချာစွာစိစစ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လက်ရှိနိုင်ငံခြားငွေကြေးနှင့် ရွှေဈေးကွက်များအပြင် အိမ်ခြံမြေနှင့် မော်တော်ယာဉ်ရောင်းဝယ်သူများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိသော Online Trading အစီအစဉ်ကဲ့သို့ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး တရားဝင် အရောင်းအဝယ်ဆောင်ရွက်စေခြင်းဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ Social Media များနှင့် Internet Website များတွင် တရားဝင်လုပ်ကိုင်ခွင့်လိုင်စင်မရှိသော၊ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားငွေရောင်းဝယ်သူများ၊ ရွှေဈေးကစားသူများ၏ မဟုတ်မမှန်ဈေးနှုန်းဖော်ပြပြီး အကျိုးအမြတ်ရရှိစေရန် မသမာသောနည်းလမ်းဖြင့် ဆောင်ရွက်နေသူများအား စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး၊ အဆိုပါကိစ္စရပ်များကို အများပြည်သူသို့ အသိပေးပြောကြားသွားရေးတို့ကို အသေးစိတ်ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ ပရီမီယာလိဂ်မှ

ဘန်လေအသင်းဟာ မန်စီးတီးအသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့အပြင် နာကျင်အချိန်ပိုမှာ တောင်ပံကစားသမား ဇာရူရီက မန်စီးတီးအသင်းနောက်ခံလူ ကီလီ ဝေါ်ကာနဲ့ဘောလုံးယှဉ်လုရာမှာကြမ်းတမ်းစွာကစားခဲ့လို့ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် လာမယ့် ပရီမီယာလိဂ်ပွဲစဉ်တွေမှာ အားထားရတဲ့ကစားသမားတစ်ဦးကို ဆုံးရှုံးရဦးမှာဖြစ်ပါတယ်။

သြဂုတ် ၁၂ ရက်ညပိုင်းရဲ့ အစောဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းတို့ ပွဲစဉ်မှာတော့ အာဆင်နယ်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြေယ်**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မုံရွာမြို့နယ်အတွင်းရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ၂၉ ဦးအား ချေးငွေကျပ်သိန်း ၂၇၆၀ ပေးအပ်

မုံရွာ သြဂုတ် ၁၂

မုံရွာမြို့နယ်အတွင်းရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး မြို့နေပြည်သူများ

ဥစားသုံးမှုဖူလုံရရှိစေရန် ရည်ရွယ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မုံရွာမြို့အတွင်းရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ၂၉ ဦးအား ချေးငွေကျပ်သိန်း ၂၇၆၀ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မုံရွာခရိုင်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မုံရွာမြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက ချေးငွေစည်းကမ်းချက်များအား လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအိအိအောင်က ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့်ပတ်သက်၍ လည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မုံရွာမြို့နယ်အတွင်းရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ၂၉ ဦးအား စုစုပေါင်းချေးငွေကျပ်သိန်း ၂၇၆၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❒ စာမျက်နှာ ၁၁ မှ

အထက်လူကြီးဆိုသူ အရာရှိတွေဟာ လုပ်ပိုင်ခွင့်ရှိကြတာမှန်ပေမယ့် ဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ မူဘောင်အတွင်းကသာ လုပ်ကိုင်ရာ စီမံရတာဖြစ်ပါတယ်။ ဖားသူကို မျက်နှာလိုက်နေလို့လည်းမရပါ။ အထက်အရာရှိတိုင်းက မဖြစ်မနေ လိုက်နာကျင့်သုံးနေရတဲ့ "ရာထူးတိုးရေး၊ ကြည့်ရှုအကဲဖြတ်ရတဲ့ စံအရည်အသွေး(၇)ချက်" ရှိပါတယ်။ (နိုင်ငံ့ဝန်ထမ်းဥပဒေမှာ ကြည့်လိုက်ပါ။ ကူးရေးမှတ်ထားပါ)

၁။ လုပ်ငန်းကျွမ်းကျင်မှုနဲ့ အထူးကြိုးစား ထမ်းဆောင်ခြင်း၊

၂။ အထက်အရာရှိနှင့် လုပ်ဖော်ကိုင်ဖက်များ အပေါ် သစ္စာရှိခြင်း (ဒါကိုဖားတယ်လို့ မသုံးနှုန်းပါနှင့်၊ နားလည်ပါ)

၃။ စိတ်ဓာတ်ကောင်းမွန်ခြင်းနှင့် နိုင်ငံတော်နှင့် ဌာနအကျိုးအတွက် စေတနာထက်သန်ခြင်း (ဖားခြင်းမဟုတ်)

၄။ တီထွင်ကြံဆလုပ်ကိုင်တတ်ခြင်း၊

၅။ ကျွမ်းကျင်မှုနှင့် အရည်အချင်းမှာ ထူးကဲသာလွန်ခြင်း၊

၆။ ခေါင်းဆောင်မှုကောင်းခြင်း၊

၇။ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊

မိမိကိုယ်ကို လုပ်ငန်းခွင်မှာ မြှင့်တင်ခြင်းအားဖြင့် နိုင်ငံနှင့်လူမျိုးကိုပါ ကောင်းကျိုးပြုနိုင်စေပါတယ်။

တကယ်တော့လည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေကို စိတ်ထား စိတ်နေ စိတ်အခြေအနေက အဓိကအရေးကြီးကြောင်း အထူးအကျယ်ချဲ့ ပြောရလောက်အောင် ဘယ်သူမှ နားမဝေးကြပါ။ ကြားနေကျ နားရည်ဝပြီးသားပါလေ။ သိပြီးသားတွေ။

စိတ္တေန နိယတိ လောကော။

စိတ်ဟာ လောကကို ဦးဆောင်နေတယ်။ ။

ကုန်သွယ်/စီးပွား

မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် သြဂုတ် ၁၂

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သြဂုတ်လ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃၀ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ် သြဂုတ် ၁ ရက်မှ ၈ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၉ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၉ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၂၂ ဒသမ ၁၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘဂ်လားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး ၂၀၂၃ ခုနှစ် သြဂုတ် ၁ ရက်မှ ၈ ရက်အထိ တင်ပို့ခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းမှာ ချင်း(အစို) ၄၅ ဒသမ ၇၅ တန်၊ တည်ပင်းသီး ၃၄ တန်၊ နနွင်းတက်ငါးတန်၊ ရေထွက်ပစ္စည်းမှ ငါးမြစ်ချင်း ၁၅၇ ဒသမ ၄၃၆ တန်၊ ငါးနီတူခြောက် တစ်တန်၊ ငါးကုန်းညိုခြောက် လေးတန်၊ ငါးစုံလေးခြောက် ၂၄ ဒသမ ၅ တန်၊ ငါးခေါင်းပွ ၅ ဒသမ ၉၃၃ တန်၊ စက်မှုကုန်ချောပစ္စည်းများမှ ဆီးယိုထုပ် တစ်တန်တို့ဖြစ်ပြီး ကည်ချောင်းစီးပွားရေးဇုန်မှတစ်ဆင့် ဘဂ်လားဒေ့ရှ်နိုင်ငံ တက္ကနယ်သို့ တင်ပို့လျက်ရှိသည်။

စီးပွား/ကူးသန်း

ရုရှားနိုင်ငံက မောင်းသူမဲ့လဆင်းယာဉ် Luna-25 ကို အောင်မြင်စွာလွှတ်တင်

မော်စကို သြဂုတ် ၁၂

ရုရှားအာကာသအေဂျင်စီ Roscosmos က မောင်းသူမဲ့ လဆင်းယာဉ် Luna-25 ကို နိုင်ငံ၏အရှေ့ဘက်ပိုင်းရှိ Vostochny cosmodrome အာကာသယာဉ်လွှတ်တင်ရေးစင်တာမှ ယမန်နေ့က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

မောင်းသူမဲ့ လဆင်းယာဉ် Luna-25 သည် သတ်မှတ်ထားသော လမ်းကြောင်းအတွင်းသို့ ချောမွေ့စွာ ဝင်ရောက်ခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီက ဆိုသည်။

ရုရှားနိုင်ငံသည် လ၏တောင်ဝင်ရိုးစွန်းပေါ် ဆင်းသက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ရာစုနှစ်တစ်ဝက်နီးပါးအတွင်း ၎င်း၏ပထမဆုံး လကမ္ဘာစူးစမ်းရေးယာဉ်ကို စတင်လုပ်ဆောင်ခဲ့သည်။

ယခင် ရုရှားလကမ္ဘာစူးစမ်းရေးယာဉ် Luna-24 ကို ဆိုဗီယက်ခေတ် ၁၉၇၆ ခုနှစ်တွင် လွှတ်တင်ခဲ့သည်။

Luna-25 သည် သြဂုတ် ၂၁ ရက်တွင် လ၏တောင်ဝင်ရိုးစွန်းအနီးသို့ အဆင်ပြေချောမွေ့စွာ ဆင်းသက်နိုင်မည်ဟု မျှော်လင့်ရသည်။ ထို့နောက် Luna-25 သည် လကမ္ဘာပေါ်တွင် ရေနှင့် အခြားသယံဇာတများကို ရှာဖွေသွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် လကမ္ဘာပေါ်သို့ဆင်းသက်ရန် ကြိုးပမ်းသည့်အနေဖြင့် ပြီးခဲ့သည့်လက ၎င်း၏ Chandrayaan-3 စူးစမ်းလေ့လာရေးယာဉ်ကို သြဂုတ်လနှောင်းပိုင်းတွင် လွှတ်တင်ခဲ့သည်။ အမေရိကန်၊ တရုတ်နှင့် အခြားနိုင်ငံများကလည်း လကမ္ဘာကို စူးစမ်းလေ့လာရန် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။

ရုရှားနိုင်ငံသည် လာမည့် ၂၀၂၇ ခုနှစ်ဝန်းကျင်

တွင် လမျက်နှာပြင်သို့ နောက်ထပ်အာကာသယာဉ် တစ်စင်းလွှတ်တင်ရန် စီစဉ်နေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိပြီး အနာဂတ်တွင် လူလိုက်ပါသည့် ဆင်းသက်မှုကို ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား - အင်နန်အိတ်ချ်ကေ**

ဘာသာပြန် - အောင်ကျော်ကျော်

ဟာဝိုင်အီကျွန်း၌ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၈၀ ရှိလာ

ဟိုနိုလူလူ သြဂုတ် ၁၂

ဟာဝိုင်အီကျွန်း၌ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၈၀ ရှိလာခဲ့ကြောင်း သိရသည်။

လျင်မြန်စွာပျံ့နှံ့

သြဂုတ် ၇ ရက်တွင် ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုများသည် ဟာရီကိန်းလေပြင်းတိုက်ခတ်မှုကြောင့် Lahaina မြို့ပြဧရိယာသို့ လျင်မြန်စွာပျံ့နှံ့သွားခဲ့သည်။

သြဂုတ် ၁၀ ရက်အထိ လူပေါင်း ၁၄၀၀ ကျော်သည် စာသင်ကျောင်းနှင့် ဘာသာရေးအဆောက်အအုံများတွင် ခိုလှုံနေကြရသည်။

မီးဘေးသင့်ဒေသများ၌ ရိုက်ယူထားသည့် မှတ်တမ်းတင်ဓာတ်ပုံများကို ဟာဝိုင်အီပြည်နယ် အုပ်ချုပ်ရေးမှူး ဂျိုးဂရင်းက လူမှုကွန်ရက်ပေါ်သို့ တင်ခဲ့သည်။ အဆိုပါ တောမီးလောင်ကျွမ်းမှုသည် ဟာဝိုင်အီပြည်နယ်သမိုင်းတွင် အကြီးမားဆုံးသော သဘာဝဘေးအန္တရာယ် ဖြစ်ကြောင်း ဟာဝိုင်အီပြည်နယ် အုပ်ချုပ်ရေးမှူး ဂျိုးဂရင်းက ပြောကြားသည်။

အရေအတွက် မြင့်တက်လာ

တောမီး လောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် လူသေဆုံးသူ အရေအတွက် မြင့်တက်လာခြင်းအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ရှေ့နေချုပ် အန်နီလိုပက်ဇ်က ပြောသည်။

တောမီးလောင်ကျွမ်းမှု စတင်ချိန်တွင် ဒေသခံများအား သတိပေးသည့် ဥဩသံများ မဖွင့်ခဲ့ရကြောင်း ဟာဝိုင်အီပြည်နယ် အာဏာပိုင်များက အင်နန်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။ နောက်ထပ်အသေးစိတ် အချက်အလက်များကို မသိရသေးသော်လည်း သတိပေးချက်များ နောင့်နှေး ကြန့်ကြာမှုသည် ကြီးမားသော ပျက်စီးမှုနှင့် အသက်ဆုံးရှုံးမှုများတွင် တစ်စိတ်တစ်ပိုင်းပါဝင်မည် ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်နန်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

ရှန်ဟိုင်းမြို့၌ တိရစ္ဆာန်ဆဲလ်များမှ အသားတုထုတ်လုပ်သည့်စက်ရုံ ဖွင့်လှစ်

ပေကျင်း သြဂုတ် ၁၂

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့တွင် တိရစ္ဆာန်ဆဲလ်များမှ အသားတုထုတ်လုပ်သည့်စက်ရုံကို ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ရှန်ဟိုင်းအခြေစိုက် ဆဲလ်အိပ်စ်အသားတုထုတ်လုပ်ရေးစက်ရုံသည် တရုတ်နိုင်ငံ၏ နိုင်ငံသား ၁ ဒသမ ၄ ဘီလီယံအား စားရေရိက္ခာဖူလုံရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်မည်ဖြစ်သည်။

ကိုယ်တိုင်တီထွင်ထုတ်လုပ်ထားသော နည်းပညာများကို အသုံးချခြင်းဖြင့် စက်ရုံသည် ၎င်းအသားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အောက် လျှော့ချနိုင်ခဲ့သည်ဟု ဆဲလ်အိပ်စ်အသားတုထုတ်လုပ်ရေးစက်ရုံ၏ အမှုဆောင်အရာရှိချုပ် ယန်ဇီလန်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

ကုမ္ပဏီသည် ၎င်းထုတ်ကုန်ကို ၂၀၂၅ ခုနှစ်တွင် နိုင်ငံရပ်ခြားတွင် စတင်ရောင်းချရန် ရည်မှန်းထားပြီး တိရစ္ဆာန်ဆဲလ်များမှ ထုတ်လုပ်သည့် အသားတုများကို ရောင်းချခွင့်ပြုထားသည့် အမေရိကန်နှင့် စင်ကာပူကဲ့သို့သော နိုင်ငံများတွင် ဈေးကွက်ခွင့်ပြုချက်ရရှိရန် ဆောင်ရွက်နေကြောင်း ယန်က ပြောကြားခဲ့သည်။ တစ်ကမ္ဘာလုံးတွင် ဓာတ်ခွဲခန်းမှ အသားတုထုတ်လုပ်သည့်လုပ်ငန်းကို အရှိန်မြှင့်လုပ်ဆောင်နေပြီး ယခုဖွင့်လှစ်သည့် ရှန်ဟိုင်းစက်ရုံသည် လုပ်ငန်းစတင်လည်ပတ်သည့် အကြီးစားရှေ့ပြေးစက်ရုံအနည်းငယ်ထဲမှတစ်ခုဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

ထိုင်းနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာကန့်သတ်ချက်ဖြေလျှော့မည်

ဗန်ကောက် သြဂုတ် ၁၂

ထိုင်းနိုင်ငံသည် ပြည်ပခရီးသွားများ နိုင်ငံအတွင်းသို့ အများအပြား လာရောက်နိုင်စေရေးအတွက် ပြည်ဝင်ခွင့်ဗီဇာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူ Ratchada Thanadirek က ပြောကြားသည်။

ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်အထောက်အထားအရေအတွက်နှင့် ဗီဇာပြုလုပ်ရန်ကြာချိန်ကို လျှော့ချမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ယခုသတ်မှတ်ချက်အရ ပြည်ဝင်ခွင့်ဗီဇာပြုလုပ်ရန်ကြာချိန်ကို ၁၄ ရက်အစားခုနစ်ရက်သို့လျှော့ချမည်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ပြည်ပခရီးသွားများ ဝင်ရောက်မှုများပြားနေခြင်းနှင့်အတူ ထပ်မံ၍ ခရီးသွားများကို ဆွဲဆောင်နိုင်ရန်အစီအစဉ်များ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွား ၉၅၅၈၁ ဦး ဝင်ရောက်လာခဲ့ပြီး တောင်ကိုရီးယား၊ ဗီယက်နမ်၊ အိန္ဒိယနှင့်မလေးရှားနိုင်ငံများမှ ခရီးသွားများလည်း ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံအတွင်းသို့ ဇန်နဝါရီလမှ သြဂုတ်လအစောပိုင်းအထိ ခရီးသွား ၁၅ ဒသမ ၈၉ သန်းဝင်ရောက်ခဲ့ပြီး ဝင်ငွေ ဘတ် ၆၆၃ ဘီလီယံ ရရှိခဲ့ကြောင်း ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအခြေအနေအရ နိုင်ငံအတွင်းသို့ခရီးသွားဝင်ရောက်မှုများပြားလာသဖြင့် ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ၂၅ သန်း ဝင်ရောက်ရမည်ဟူသည့် ရည်မှန်းချက်ပြည့်မီရန် အလားအလာရှိနေသည်။ ၂၀၁၉ ခုနှစ်တွင်ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ကမ္ဘာလှည့်ခရီးသွားများ၏ ၂၈ ရာခိုင်နှုန်းမှာ တရုတ်ခရီးသွားများဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်ပြီး ၎င်းလုပ်ငန်းမှ ရရှိသည့်ဝင်ငွေသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၂ ရာခိုင်နှုန်းရှိသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၉၅၉ ဦး စစ်ဆေးတွေ့ရှိ

ဒါကာ သြဂုတ် ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၂၉၅၉ ဦး စစ်ဆေးတွေ့ရှိရပြီး ယခုနှစ်လက်ရှိအချိန်အထိ ရောဂါဖြစ်ပွားသူဦးရေ အမြင့်ဆုံးဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဝန်ဆောင်မှုများ ညွှန်ကြားမှုဦးစီးဌာန (DGHS)က ပြောကြားသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂ ဦး သေဆုံးခဲ့သည်။

ကျန်းမာရေး ဝန်ဆောင်မှုများ ညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သြဂုတ် ၉ ရက်တွင် ဒါကာမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၀၉၇ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေး ဖြစ်ပွားသူဦးရေ ၇၈၀၂၈ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေး ဝန်ဆောင်မှုများ ညွှန်ကြားမှု ဦးစီးဌာနက ဆိုသည်။

သြဂုတ်လအတွင်း သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ၂၆၁၉၆ ဦးရှိပြီး ဇူလိုင်လတွင် ရောဂါဖြစ်ပွားသူ ၄၃၈၅ ဦးတွေ့ရှိရပြီးနောက် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၃၆၄ ဦးရှိကြောင်း ကျန်းမာရေး ဝန်ဆောင်မှုများ ညွှန်ကြားမှုဦးစီးဌာနက အတည်ပြုခဲ့သည်။

အဆိုပါ သေဆုံးသူများအနက် သြဂုတ်လတွင် သေဆုံးသူ ၁၁၃ ဦး၊ ဇူလိုင်လတွင် သေဆုံးသူ ၂၀၄ ဦးနှင့် ဇွန်လတွင် ၃၄ ဦးရှိကြောင်း သိရသည်။

ကိုးကား - အင်နန်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

အကြမ်းဖက်မှုပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် သြဂုတ် ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး-မူဆယ်ကားလမ်း မိုင်တိုင်အမှတ် (၂၀) မိုင် (၅)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Tecot Electric Pan Cooker အခု ၈၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nidi Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေး-လားရှိုး-မူဆယ်ကားလမ်း မိုင်တိုင်အမှတ်(၂၄)မိုင် (၁)ဖာလုံ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Bathroom Cabinet ခုံပြားနှစ်ခု အပါအဝင် ကုန်ပစ္စည်းအမျိုး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ဒေ၁၂၅၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Station Wagon တစ်စီးနှင့် Toyota Isis Mini Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၅၁၂၅၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Brand New Agriculture Tractor Spare Parts အခု ၅၀၀ အပါအဝင် ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၂၆၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ခရီးသည်တစ်ဦး၏ Baggage အတွင်းမှ မူးယစ်ဆေးဝါးများဟုယူဆရသော အမှုန့်များ ၆ ဒသမ ၃၇ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၅၅၀၀၀၀)

ထီးတန်းဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Plywood One Side Coated ၉ဖဒ၈ ဒသမ ၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၃၈၅၅၉)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀ဖဒ၁၄၅၅)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သြဂုတ် ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တောင်ငူခရိုင် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း တရားမဝင် ကျွန်းသစ် ၃ ဒသမ ၆၅၄ တန်နှင့် သစ်မာ သုည ဒသမ ၅၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ဖ၄၃၃၀၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ သြဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၃၃၀၁၅၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ကလောမြို့နယ်ရှိ ဈေးများတွင် အသားရောင်းချမှုများ စစ်ဆေး

ရွာင် သြဂုတ် ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် စည်ပင်သာယာရေးဌာနဈေးပိုင်များတွင် ဌာနမှ သတ်မှတ်ပေးထားသော ဈေးနှုန်းအတိုင်း အသားရောင်းချမှု အခြေအနေများအား စစ်ဆေးခြင်း လုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများက ဌာနပိုင် ဈေးများတွင် သတ်မှတ်အသားဈေးနှုန်းများကို ပြည်သူများသိရှိနိုင်ရန် ဗီဒီနိုင်းများချိတ်ဆွဲခြင်း ရှိ/မရှိကိုလည်းကောင်း၊ လေလံစည်းကမ်းချက်များပါ အသားဈေးနှုန်းများအတိုင်း ရောင်းချမှု ရှိ/ မရှိ၊ အလေးချိန်ပြည့်ဝစွာ ရောင်းချမှု ရှိ/မရှိ စသည်တို့ကို ကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြကြောင်းနှင့် ဝက်အဆီ/အသား တစ်ပိဿာ ကျပ် ၁၆၀၀၀၊ အရိုး/ အသား တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ဝမ်းတွင်းသား/ကလီစာ ကျပ် ၁၅၀၀၀ ၊ အမဲသား တစ်ပိဿာ ကျပ် ၁၄၀၀၀ ၊ အရိုး/အသား ကျပ် ၁၀၀၀၀၊ ဝမ်းတွင်းသား/ ကလီစာ ကျပ် ၁၄၀၀၀ နှုန်း၊ ဆိတ်သား တစ်ပိဿာကျပ် ၂၄၀၀၀၊ အရိုး/အသား ကျပ် ၁၆၀၀၀၊ ဝမ်းတွင်းသား ကလီစာကျပ် ၂၄၀၀၀ နှုန်းဖြင့် ရောင်းချရန် သတ်မှတ်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် သြဂုတ် ၁၂

ကပွလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၈-၂၀၂၃ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ရတနာသုတ်၊တောရွက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ မြန်မာ့ပုလဲရတနာတို့၏မွေးရင်းမြေ ပုလဲကျွန်းဆီ
၀၉:၂၀ တရုတ်ကာတွန်း "ဖြူမင်စိတ်လေ" (အပိုင်း-၂၂)
၁၀:၀၀ "သတင်းသမားပြောတဲ့သတင်းစကား"
၁၀:၃၀ "Music Traveller-2" တေးဂီတဗျော်ဖြေပွဲ ထုတ်လွှင့်မှု
၁၁:၄၀ အသိပညာနှင့်အမှန်တရား
၁၂:၃၅ This Week's Special Interest
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဂန္ဓဝင်ရုပ်ရှင် "တို့အချစ်ကတစ်မျိုး" (ဇကာလိပ်ဂျင်ငနဝင်း၊ ဇော်ဝမ်း၊မြင့်မြင့်ဝင်း)
၁၆:၃၅ Sports Diary
၁၇:၂၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၃၀ Economic Review
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိန်မြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဖိုင်ဆိုင်ခွင့်ပရိုတဲ့အချစ်နိုင်ဂုဏ်" (အပိုင်း-၄၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဖိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ "အကအလှသရုပ်ဆောင် ဆိုဗီယက်မြန်နွဲ့ဝန်း" (အပိုင်း-၁)
၂၁:၂၀ သေးရောင်စုံရုပ်ရှင် "ဥည်သည်" (ရန်အောင်၊သုဝေါ၊မေသန်းနု၊ဖိုးမြတ်သူဇာ)

mtv

07:01 Evergreen Classic : Aseinnaya (Takkatho Lae Lae)
07:10 Aesthetic Painting on Pathein UmbrellaGraffiti: Character Art
07:23 Myanmar Traditions and Culture: Tea
07:51 World Organ Donation Day
08:01 News
08:27 Products of Myanmar - Pictures Decorated With Seashells And Gemstones
08:39 Skilled Performance of Traditional Myanmar Colored Glass Ball
09:01 Thilawa SEZ Thriving Model Special Economic Zone
09:28 Today Myanmar: Bamboo Products
09:37 Nutitious Avocado Foods
10:01 News
10:27 Kyauk Gu Umin Cave Gu Pha Ya

MRTV NRC

မွန် (၀၆:၀၀ မှ ၀၈:၀၀) ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
ရခိုင် (၀၈:၀၀ မှ ၁၀:၀၀) ဌေတံခါးမြို့သို့အလည်တစ်ခေါက်
ရှမ်း (၁၀:၀၀ မှ ၁၂:၀၀) ရှမ်းလိုးရာ 'နန်တု' ဟင်းလျာ
၀ (၁၂:၀၀ မှ ၁၄:၀၀) ကွမ်းရွက်စိုက်ပျိုးခြင်း
ကချင် (၁၄:၀၀ မှ ၁၆:၀၀) ချောကလက်အိပ်မက်
ကယား (၁၆:၀၀ မှ ၁၈:၀၀) ငါးချဉ်ဟင်းချည်နှင့်ရိုးရာအထောင်း
ဝေကကရင် (၁၈:၀၀ မှ ၁၉:၀၀) သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၄)
အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀) ကရင်ပိုးရာဇောင်းတူရိယာ
အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀) ဗျိုင်းမြူးရွာမှ ဂရေလုပ်သားကြီးရဲ့ဘဝ
ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀) ရင်သားကင်ဆာအကြောင်းသိကောင်းစရာ
ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀) 'ဝ'ဥ စိုက်ပျိုးခြင်း

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ အာဟာရပြည့်လျှင်ရောဂါစင်ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအကြောင်းကြောင်းတို့ "တောင်းပန်ပါတယ်"
၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
၁၁:၀၀ နိုင်ငံတကာလွှတ်တော်များအကြောင်း (ကိုဂီးယားနိုင်ငံ)(အပိုင်း-၁)
၁၁:၃၀ ရှေးသိုမ်းမြေပြင်ပန်းတိုင်ဆီ (အပိုင်း-၅)

MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၃၀ စိုက်ပျိုးမွေးမြူသုတာဘက်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၀၀ ရုပ်ရှင်ဇာတ်လမ်း "အနိုင်ပဲ့ချစ်သူ" (အပိုင်း-၂)
၁၃:၀၀ ရုပ်သံဇာတ်လမ်းတွဲ "ကျွန်ုပ်ခင်ပွန်း၏လျှို့ဝှက်ချက်" (အပိုင်း-၄)
၁၃:၃၀ How to Harvest Sunflower Seed and Sunflower Oil Processing
၂၂:၀၀ ဝိနိုးပဲ့ဝေဟာ (အပိုင်း-၁)

MRTV SPORTS HD

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Sports Diary
၀۷:၃၀ Chengdu Special
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘတ်စတက်ဘောဘက်ဆား"

Education Channel ကို နေ့စဉ်နံနက် (၉:၃၀)နာရီမှ တစ်ကြိမ်သာမင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဖလမ်းမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက် အရာရှိ၊ စစ်သည်များ၏ စနစ်တကျခုခံတိုက်ခိုက်မှုကြောင့် ထိခိုက်အကျအဆုံးများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေး

အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများပုံ။

နေပြည်တော် သြဂုတ် ၁၂

ချင်းပြည်နယ် ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၂နာရီခွဲမှစ၍ လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြုကာ နေရာ လေးနေရာခွဲ၍ အလစ်အငိုက် ချဉ်းကပ်ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများ အနေဖြင့် တပ်ရင်းလုံခြုံရေးအတွက် အသင့်စုဖွဲ့ထားရှိပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိမှုနှင့် ချက်ချင်းတုံ့ပြန်ပစ်ခတ်နိုင်မှုကြောင့် အကြမ်းဖက်အဖွဲ့များသည် တပ်ရင်းဌာနချုပ်အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ နံနက် ၃ နာရီခန့်တွင် အကျအဆုံးများစွာဖြင့် တပ်ရင်းဌာနချုပ်၏ အနောက်တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အဆိုပါ တပ်ရင်းဌာနချုပ်နေရာသို့ စစ်ကူစစ်ကြောင်းများမှ လည်း အချိန်မီရောက်ရှိလာပြီး ရန်သူဆုတ်ခွာရာ နောက်သို့ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်အဖွဲ့များထံမှ အလောင်းများနှင့် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဖလမ်းမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ လာရောက်တိုက်ခိုက်သည့် အကြမ်းဖက်သမားများ သေဆုံးနေသည့် အလောင်းများပုံ။

PDF အမည်ခံ အကြမ်းဖက်သမားများက ယမနေကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များနှင့် Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

PDF အမည်ခံ အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် ယမနေကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များနှင့် Drop Bomb များဖြင့် အကြောင်းမဲ့တိုက်ခိုက်

နေပြည်တော် သြဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ယမနေကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက ဆင်ခြင်တုံတရားကင်းမဲ့စွာ လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များနှင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drone များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းတို့ကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူခြောက်ဦး သေဆုံးပြီး သုံးဦး ဗုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကန့်ဘလူမြို့နယ် ယမနေကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၆ နာရီ ခွဲခန့်တွင် ကျေးရွာ၏ အရှေ့မြောက်ဘက်မှ နေ၍ လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drone များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းတို့ လုပ်ဆောင်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများထံမှ အလောင်းနှင့်ခဲယမ်းဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး ကျေးရွာအတွင်းရှိ အသက် ၅ နှစ်နှင့် ၁၀ နှစ် အရွယ် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦး သေဆုံးခဲ့ပြီး သုံးဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကာ ကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းအတွင်းရှိ စာသင်ဆောင် အဆောက်အအုံနှစ်လုံးမှာ လက်နက်ကြီးထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ဆက်လက်ဆေးဝါးကုသနိုင်ရေးအတွက် ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အပြစ်မဲ့ပြည်သူများအား သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိသည်အထိ လုပ်ဆောင်ခဲ့သော အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေ မည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် သြဂုတ် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zaw Wai Phyo" အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဇွဲသီရိမြို့နယ်နေ ဇော်ဝေဖြိုး(ခ)ဝေဖြိုးအား နံနက် ၉ နာရီတွင်လည်းကောင်း၊ "Min Min Thu" အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ မြို့နယ် စိန်ပန်းရပ်ကွက်နေ မင်းမင်းသူအား ညနေ ၄ နာရီ၁၅မိနစ်တွင်လည်းကောင်း၊ သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းရှိ သီရိရတနာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အခြေခံပညာဦးစီးဌာနမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက ကျောင်းကျန်းမာရေး သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အတွင်း ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက ဘဝတစ်သက်တာကျောင်းကျန်းမာရေး သီချင်းဖြင့် တေးသရုပ်ဖော် တင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး စံပြကျောင်းဆု၊ ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်း အသင်း လုပ်ငန်းထူးချွန်ဆုရ ကျောင်းများ အား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲ၊ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

လွိုင်ကော် ဩဂုတ် ၁၂

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲ၊ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းပြများ၊ အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်အားပေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများက ပြေးခုန်ပစ်အားကစားနည်းများ ဖြစ်ကြသော မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၁၅၀၀ အပြေး၊ သံလုံးပစ်၊ လုံတံပစ်၊ အလျားခုန်၊ အမြင့်ခုန်ပြိုင်ပွဲများနှင့် အေရိုးဗစ်ပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ပြည်နယ်ကရာတေး အားကစားရုံ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကိုအဓိကမူတည်ပြီး တည်ဆောက်ထားသည့် လူသားအရင်းအမြစ်သည် အဓိကဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းတွင် ဘက်စုံထူးချွန်သည့် လူတော်လူကောင်းများဖြစ်လာစေရန် လူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ရေးကို ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် လူငယ်များသည် စဉ်းစားဆင်ခြင်မှု အသိပညာများကို သာမက ကျန်းမာကြံ့ခိုင်စေရန်အတွက်လည်း ကြိုးစားအားထုတ်သွားရမည်ဖြစ်ရာ ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ပြီး ဘက်စုံထူးချွန်သည့် လူငယ်များ ဖြစ်စေရန် မိမိကိုယ်ကိုစနစ်တကျ စီမံခန့်ခွဲရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားပြိုင်ပွဲများအလိုက် ဆုရရှိခဲ့ကြသည့် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြပြီး အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသူလေးများက အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုအေရိုးဗစ် သရုပ်ပြသခဲ့ကြသည်။

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အနေဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့ မှကြီးကြပ်၍ ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ပြေးခုန်ပစ်ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး၊ ပြိုင်ပွဲစုစုပေါင်း ၂၀ နှင့် အေရိုးဗစ်ပြိုင်ပွဲများကို အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မိတ္ထီလာမြို့နယ် တောမကျေးလက်ဈေး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲကင်းစင်ပပျောက်ရေး အသိပညာပေး

မိတ္ထီလာ ဩဂုတ် ၁၂

မိတ္ထီလာမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် တောမကျေးလက်ဈေးတွင် ဈေးရောင်းဈေးဝယ်များ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေးမှုကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ တောမကျေးလက်ဈေးအနီး မိတ္ထီလာ-တောင်ကြီး ကားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာသူများအား ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ဇေယျနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့စိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက အောင်ဆန်းမြို့သစ်ဈေးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပလတ်စတစ်အစားထိုး စားသောက်ကုန်ထုပ်ပိုးနိုင်သည့် အင်ဖက်များကို လှည့်လည်ဖြန့်ဝေပေးပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

မအူပင်မြို့၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

မအူပင် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လယ်ကိုင်းကျေးရွာ၌ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် လယ်ကိုင်းဘုန်းတော်ကြီးကျောင်းတန်ဆောင်းတော်ကြီးအတွင်း ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူးကိုယ်စား တာဝန်ရှိသူများက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရန်နှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းအား လယ်ကိုင်းကျေးရွာရှိ စီမံကိန်း ကော်မတီဝင်များသို့ စီမံကိန်းလုပ်ငန်းတာဝန်များ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ထို့နောက် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သင်တန်းကာလမှာ တစ်လတာကာလအတွင်း စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ကရင်ပြည်နယ်ဝန်ကြီးချုပ် ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့

ဘားအံ သြဂုတ် ၁၂

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄) ရပ်ကွက် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံခဲ့သည်။

